# မြန်မာ သတင်းလွှာ

A month-in-review of events in Burma

ALTERNATIVE ASEAN NETWORK ON BURMA
campaigns, advocacy & capacity-building for human rights & democracy

အမှတ် ၇၁

၂၀၁၂ ခု နိုဝင်ဘာ


- နောက်ဆုံးအသုတ် ဖြစ်ပွားခဲ့သော ဝိုက်းဂဏ၊ လူမျိုး အခြေခံ အကြမ်းဖက်မှုများကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ ဒုက္ခသည်ဦးရေမှာ ၁၁၅၀၀၀သို့ ရောက်ရှိလာသည်။ IDPများသည် နေစရာ၊ သန့်ရှင်းသည့်သောက်ရေ၊ အစားအစာနှင့် ဆေးဝါးစောင့်ရှောက်မှုတို့ များစွာလိုအပ်နေသည့်အတွက် UNက "အရေးပေါ် လူသားချင်းစာနာမှု အထောက်အကူလိုအပ်မှုပြဿနာ ကြီးထွားလာနေသည်" ဟုသတိပေး လိုက်သည်။
- သမ္မတဦးသိန်းစိန်က ရခိုင်ပြည်နယ်မှ ဗုဒ္ဓဘာသာများနှင့် မူဆလင်များအကြားမှ တင်းမာမှုများအတွက် ဖြေရှင်းမှုအဖြစ် အခြေခံအဆောက်အအုံစီမံကိန်းများနှင့်ကလေးမွေးဖွားမှု ထိန်းချုပ်ရေး တို့အား ချပြဆွဲဆောင်ခဲ့သည်။
- ထွက်ပြေးလာသောရိုဟင်ဂျာ ရာပေါင်းများစွာတို့ကို ဘင်္ဂလားဒေ့ရှ်နှင့် ထိုင်းနိုင်ငံတို့က လက်မခံပဲ ပြန်ပို့ခဲ့သည်။ လှေစီးဒုက္ခသည်များ အလုံးအရင်း နှင့်ဆက်လက်ထွက်ပြေး နေမှုများ သည် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများ၏ တည်ငြိမ်မှုအား ထိခိုက်စေနိုင်သည်ဟု UNHCR ကပြောကြားလိုက်သည်။
- အမေရိကန်သမ္မတဘားရက်အိုဘာမားသည်ရန်ကုန်သို့သွား ရောက်ခဲ့ကာ မိန့်ခွန်းပြောကြားခဲ့သည်။ ထိုမိန့်ခွန်းတွင် မြန်မာနိုင်ငံ၏ဆက်လက် တည်ရှိနေသော စိန်ခေါ်မှုများ၊ အနာဂတ် ပြုပြင် ပြောင်းလဲရေးအတွက် လိုအပ်ချက်များကိုအဓိကပြောကြားခဲ့ကာ ရခိုင်ပြည်နယ်မှ ရိုဟင်ဂျာများ အပေါ်အကြမ်းဖက်မှုများကိုကျူးလွန်ခြင်းကိစ္စကိုကာကွယ်ရန် မည်သည့် ဆင်ခြေမှမရှိဟူ၍လည်း ပြောကြားခဲ့သည်။
- အစိုးရမှကျောထောက်နောက်ခံပြုထားသောစီးပွားရေး လုပ်ငန်းများ အပေါ်ငြိမ်းချမ်းစွာဆန့်ကျင်ဆန္ဒပြမှုများသည် မြန်မာနိုင်ငံအနံ့ရှိ နေရာ တော်တော်များများတွင် ပြင်းထန် လျက် ရှိသည်။ ဆန္ဒပြမှုနှစ်ခုတွင် အစိုးရအာဏာပိုင်များက အင်အားအလွန်အကျွံအသုံးပြုမှု၊ ကျူးကြောင်းမဲ့ဖမ်းဆီးမှု၊ ခြိမ်းခြောက်မှုတို့ဖြင့် တုံ့ပြန်ခဲ့ကြသည်။
- ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းရှင်များအား အမေရိကန်ဒေါ် လာ ၆၈ သန်းထုတ်ချေး ခဲ့သော ဝန်ကြီးဌာန ၁၅ ခုတို့၏ အလွဲသုံးစားမှုနှင့် မရိုးမသားပြုလုပ်မှုများကို စာရင်းစစ်များက ဖော်ထုတ်ခဲ့ကြသည်။ သို့သော်လည်း အဆင့်မြင့်အရာရှိကြီးများမှာမူ အပစ်ပေးခံရခြင်းမရှိပဲ လွတ်မြောက်နေကြသည်။

### ယခုလသတင်းလွှာတွင်


**ပင်မသတင်းခေါင်းစဉ်**

၁ ရခိုင်ပြည်နယ်ရှိ IDP ၁၁၅၀၀၀

၂ အစိုးရမှ ရိုဟင်ဂျာများအားခြေရာခံလိုက် နေ

၃ စုံစမ်းရေးကော်မရှင်မှ မူဆလင်များထုတ်ပယ်ခံရ

၃ လှေစီးဒုက္ခသည်များ အလုံးအရင်းနှင့် ထွက်ပြေးမှုများ ဆက်လက်ဖြစ်ပွား

၄ နိုင်ငံတကာအသိုင်းအဝိုင်းမှ စိုးရိမ်ပူပန်မှုကိုဖော်ပြကြ

၅ ရခိုင်ပြည်နယ်ကိစ္စအပေါ် အာဆီယံအား နှုတ်ဆိတ်ခံထားရ

**မြန်မာပြည်တွင်းသတင်းများ**

၅ မြန်မာပြည်အနှံ့ဆန္ဒပြပွဲများပြင်းထန်လာ

၇ ကချင်ပြည်နယ်မှ တိုက်ပွဲများ

၈ မြေမြုပ်မိုင်းကြောင့် ထိခိုက်သေဆုံးမှုများ များပြားလာ

၈ အစိုးရ၏ ခြစားမှုများ

၈ လွှတ်တော်အစည်းအဝေး အဆုံးသတ်

၉ မြေငလျင်ဒါဏ် မြန်မာခံရ

**လူ့အခွင့်အရေး**

၉ အကျဉ်းသားများလွှတ်ပေး

၁၀ အတင်းအကြပ်ခိုင်းစေခြင်း၊ ကလေးစစ်သား

၁၀ UN နှင့် EU ဆုံးဖြတ်ချက်များ

**နိုင်ငံတကာရေးရာ**

၁၁ မြောက်ကိုရီးယားမှနောက်ထပ်လက်နက်များ

၁၁ US သမ္မတရန်ကုန်သို့လာရောက်

၁၂ US ကမြန်မာပြည်မှသွင်းကုန်များအား ပိတ်ပင်ထားမှုကို ပယ်ဖျက်

၁၂ ဒေါ်စုအိန္ဒိယသို့သွား

**စီးပွားရေး**

၁၃ နိုင်ငံခြားရင်းနှီးမြုပ်နှံမှုဥပဒေ

၁၃ ကမ္ဘာ့ဘဏ် နှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရံပုံငွေအဖွဲ့ တို့၏လုပ်ဆောင်မှုများ

၁၄ ထားဝယ်အထူးစီးပွားရေးဇုံ

**၁၄ အခြားမြန်မာပြည်ဆိုင်ရာ သတင်းများ**

၁၈ **အစီရင်ခံစာများ**

- **လွှတ်တော်ပဋ္ဌမမြောက်အစည်းအဝေးသည် ဖိနှိပ်ချုပ်ချယ်သည့်ဥပဒေများအား ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်းတို့နှင့် ပတ်သက်၍ တိုးတက်မှုတစုံတရာ မရရှိပဲ ပြီးဆုံးသွားခဲ့သည်။ နိုင်ငံခြားရင်းနှီးမြုပ်နှံမှုဥပဒေကို ထုတ်ပြန်နိုင်ခဲ့သည်။**
- **အစိုးရသည် ၎င်း၏ နည်းဗျူဟာမြောက် အချိန်ကိုက်ကာ နိုင်ငံရေးအကျဉ်းသားများအား လွှတ်ပေးခြင်းကို**
- **ဆက်လက်ပြုလုပ်ခဲ့သည်။ အတိုက်အခံ ၅၅ ယောက် လွှတ်မြောက်ခဲ့သော်လည်း ၂၀၀ ကျော်မှာ အကျဉ်းထောင်များထဲ တွင်ရှိနေသေးသည်။**
- **အစိုးရစစ်တပ်တပ်ဖွဲ့များအား ကချင်ပြည်နယ်အတွင်းသို့ ထပ်မံပို့လွှတ်ခဲ့သည့်အတွက် အစိုးရတပ်များနှင့် ကချင်လွတ်မြောက်ရေး တပ်မတော် (KIA) တို့အကြား တိုက်ပွဲများ ဆက်လက်ဖြစ်ပွားခဲ့သည်။**

## ပင်မသတင်းများ

### ရခိုင်ပြည်နယ်အတွင်းရှိ IDP (ပြည်တွင်းဒုက္ခသည်) အရေအတွက် ၁၁၅၀၀၀ ဦးရှိလာ

ရခိုင်ပြည်နယ်အတွင်းရှိ ဆက်လက်ဖြစ်ပွားနေသော လူမျိုး၊ ဂိုဏ်းဂဏ အခြေခံအကြမ်းဖက်မှုများ ကြောင့် IDP အရေအတွက် တိုးပွားလာသည်။ နိုဝင်ဘာ ၁၅ ရက်နေ့အထိတွင် လူသားချင်းစာနာမှု ပူးပေါင်းဆောင်ရွက်ရေး အတွက် UN ရုံး (OCHA) မှ အောက်တိုဘာ ၂၁ ရက်ကတည်းက အိုးအိမ် စွန့်ခွာထွက်ပြေးနေရသူ ၃၆၀၀၀ ကျော်အပါအဝင် ရခိုင်ပြည်နယ်တွင် IDP ဦးရေစုစုပေါင်း ၁၁၅၀၀၀ ဦးရှိကြောင်း သတင်းထုတ်ပြန်ထားသည်။ IDP ၆၀% ကျော်မှာ စစ်တွေတွင် ခိုလှုံနေကြသည်။

- နိုဝင်ဘာ ၂၁ ရက်တွင် ရခိုင်ပြည်နယ်မှ IDP များသည် အလွန်ဆိုးရွားသောအခြေအနေများဖြင့် နေထိုင်နေကြရကာ နေစရာနေရာ၊ သောက်ရေသန့်၊ အစားအစာ နှင့် ဆေးဝါးစောင့်ရှောက်မှုတို့ ဆိုးဆိုးရွားရွားလိုအပ်နေကြောင်း UN နေထိုင်မှုနှင့်လူသားချင်းစာနာမှုဆိုင်ရာ တာဝန်ခံ Ashok Nigam ကပြောကြားလိုက်သည်။ UN ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) ကလည်း အန္တရာယ်ရှိစွာ ပြွတ်သိပ်သပ်နေသော ဒုက္ခသည်စခန်းများ၊ လှေများပေါ်တွင် နေထိုင်ရန်အတင်းအကြပ် ဖိအားပေး ခံထားရသူများ၊ မီးလောင်ထားသည့် နေအိမ်နေရာများတွင်ပင် ဆက်လက်နေထိုင်နေရသူများ တို့ဖြင့် ရခိုင်ပြည်နယ်တွင် "အရေးပေါ်လူသားချင်းစာနာမှု အထောက်အကူလိုအပ်မှုပြဿနာ ကြီးထွားလာနေသည်" ဟုသတိပေး လိုက်သည်။ ဒုက္ခသည်စခန်းများမှ ကလေးများစွာတို့သည် အဟာရချို့ တဲ့မှုကိုပြင်းထန်စွာ ခံစား နေကြရကာ အချို့ ကလေးများသည် ဝင်မွတ်၍သေဆုံးသွားကြရသည်ဟု အစီရင်ခံစာများကအထူးပြုဖော်ပြ ထားကြသည်။

UN မှအစိုးရအား ကယ်ဆယ်ရေးလုပ်ငန်းများအတွက် "သင့်တော်ကောင်းမွန်သောဝန်းကျင်" တရပ်ရရှိရန် ဆောင်ရွက်ပေးပါရန် ပန်ကြားခဲ့သော်လည်း ရခိုင်ပြည်နယ်ရှိ အကူအညီပေးရေးဝန်ထမ်းများနှင့် IDP များသည် ရခိုင်လူထု၏ ရန်လိုမှုများကို ဆက်လက်ကြုံတွေ့နေရဆဲဖြစ်သည်။ နိုဝင်ဘာ ၅ ရက်နေ့တွင် ၎င်းတို့ကယ်ဆယ် ရေးလုပ်ငန်းများဆက်လက်လုပ်ကိုင်နေမှုအပေါ် စာဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း ခြိမ်းခြောက်မှုများကို အချို့သောသူများ ရင်ဆိုင်တွေ့ကြုံနေရကာ ရခိုင်ပြည်နယ်တွင်းရှိ အချို့နေရာများသို့ ၎င်းတို့အဖွဲ့ မသွားရောက်နိုင်ရန် တားဆီးခံရမှုများလည်း ရှိနေသည်ဟု Médecins Sans Frontières (MSF) နယ်စည်းမခြားဆရာဝန်များအဖွဲ့ကပြော ကြားလိုက်သည်။ နိုဝင်ဘာလ ၂၇ ရက်တွင် ပေါက်တောမြို့နယ်မှ ဒေသခံရခိုင်လူမျိုးများက ထိုဒေသတွင် ထားရှိရန် ရည်ရွယ်သော ရိုဟင်ဂျာဒုက္ခသည်စခန်းအား ဆန့်ကျင်ကန့်ကွက်ခဲ့သည်ဟု သတင်းရရှိသည်။

### အာဏာပိုင်များက ရိုဟင်ဂျာများအားခြေရာခံလိုက်နေ၊ ဦးသိန်းစိန်က ဖြေရှင်းနည်းများ ထပ်မံတင်ပြလာ

နိုဝင်ဘာလတွင် အစိုးရအာဏာပိုင်များက ရခိုင်ပြည်နယ်တွင်းတွင် တရားမဝင်နေထိုင်သည်ဟု ယူဆရသူများကို သတ်မှတ်ဖော်ထုတ်နိုင်ရန် ရိုဟင်ဂျာလူဦးရေအတွက် မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်တခုကို ရခိုင်ပြည်နယ်၌ စတင်ခဲ့ သည်။ သို့သော် အာဏာပိုင်များက ရိုဟင်ဂျာများအဖြစ် မဟုတ်ပဲ ဘင်္ဂါလီများအဖြစ် အတင်းအကြပ် မှတ်ပုံတင် စေခဲ့သည့်အတွက် နေရာတော်တော်များများတွင် ရိုဟင်ဂျာများက မှတ်ပုံတင်လုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်ရန်

ငြင်းဆိုခဲ့ကြသည်။ ရိုဟင်ဂျာများက သူတို့အားဘင်္ဂါလီများအဖြစ် မှတ်ပုံတင်ပြီးပါက အာဏာပိုင်များမှသူတို့အား တရားမဝင်နေထိုင်သူများအဖြစ် အလိုအလျောက်သတ်မှတ်ကာ ပြန်ပို့မည်ကိုစိုးရိမ်နေကြသည်။

ထိုအချိန်တွင်ပင် သမ္မတဦးသိန်းစိန်က ရခိုင်ပြည်နယ်မှဆူပူမှုများအား ကိုင်တွယ်ဖြေရှင်းနိုင်ရန် ထိရောက်သည့်နည်းလမ်းများကို မတင်ပြနိုင်ပဲ ဖြစ်ပွားနေဆဲတင်းမာမှုများအတွက် ပိုမိုမေးခွန်းထုတ်စရာဖြစ်စေသည့် ဖြေရှင်းနည်းများကိုသာ အဆိုပြုလာသည်။

- **နိုဝင်ဘာ ၁၆** - သမ္မတဦးသိန်းစိန်က လမ်းပန်းဆက်သွယ်ရေးညံ့ဖျင်းမှုကြောင့် ထိုပြည်နယ်၏သီးသန့်တည် ရှိနေခြင်း၊ ဆင်းရဲမွဲတေမှုကြောင့် ၂ ဆတိုးလာရသည့် ပညာရေးအဆင့်အတန်းနိမ့်ကျမှု၊ စီးပွားရေးလုပ်ငန်းနှင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးမှုတို့သည့် ရခိုင်ပြည်နယ်မှ လူမျိုးဂိုဏ်းဂဏ အခြေခံအကြမ်းဖက်မှုများ ဖြစ်ပွားရသော အခြေခံအကြောင်းအချက်များဖြစ်ပါသည်ဟု ပြောကြားလိုက်သည်။ ၄င်းက ဖွံ့ဖြိုးမှုခေါင်းစဉ် အောက်မှ အဓိကအခြေခံအဆောက်အအုံ စီမံကိန်းများ (စစ်တွေနှင့်ကျောက်ဖြူ ရေနက်ဆိပ်ကမ်းများ၊ ကျောက်ဖြူ နှင့် ကူမင်း ဆက်သွယ်မည့် ရေနံနှင့် သဘာဝဓါတ်ငွေ့ပိုက်လိုင်း)၏ မှန်းဆထားသည့် စီးပွားရေးအကျိုးကျေးဇူးရလဒ်များအား တည်ရှိနေသောတင်းမာမှုများအတွက် ဖြစ်နိုင်ချေရှိသည့် ဖြေရှင်းမှုများအဖြစ် သတ်မှတ်ပြောကြားသည်။
- **နိုဝင်ဘာ ၁၆** - UN အထွေထွေအတွင်းရေးမှူး ဘန်ကီမွန်းထံပေးပို့သောစာထဲတွင် သမ္မတဦးသိန်းစိန်က မွေးဖွားမှုမှတ်ပုံတင်ခြင်း၊ အလုပ်လုပ်ခွင့် နှင့် နိုင်ငံအနှံ့သွားလာခွင့်များ အပါအဝင် ရိုဟင်ဂျာများ၏ အခွင့်အရေးအသစ်များကိုစဉ်းစားပေးပါမည်ဟု ဂတိပေးထားပါသည်။ သို့သော် သူတို့အားနိုင်ငံသားအဖြစ် သတ်မှတ်ပေးရန် ဂတိပေးထားခြင်းမျိုးမပါရှိပေ။
- **နိုဝင်ဘာ ၂၁** - သမ္မတဦးသိန်းစိန်က ရခိုင်ပြည်နယ်ရှိ ဗုဒ္ဓဘာသာများနှင့် မူဆလင်များအကြား ဆက်ဆံရေး တိုးတက်လာစေရန် နည်းလမ်းတခုအနေဖြင့် ကလေးမွေးဖွားမှုထိန်းချုပ်ရေးစီမံကိန်းကို ပြုလုပ်ရန် အစိုးရမှစီစဉ်နေပါသည်ဟု ပြောကြားလိုက်သည်။

### အချက်အလက်ရှာဖွေရေးကော်မရှင် - အဖွဲ့ဝင်မူဆလင်နှစ်ဦးအားထုတ်ပယ်ခဲ့၊ အစီရင်ခံစာတင်ရန်ရက်နောက်ကျခဲ့

ဖွဲ့စည်းပြီးသုံးလကျော်ကြာအထိ အစိုးရမှခန့်ထားပေးထားသော ရခိုင်ပြည်နယ်မှ ဂိုဏ်းဂဏ၊ လူမျိုးအခြေခံ အကြမ်းဖက်မှုများအား စုံစမ်းစစ်ဆေးလုပ်ဆောင်မည့် ကော်မရှင်သည် အစီရင်ခံစာထုတ်ပြန်နိုင်ခြင်းမရှိသေးပေ။ နိုဝင်ဘာ ၅ ရက်နေ့တွင် ကော်မရှင်အဖွဲ့ဝင်တဦးဖြစ်သူ ကိုဇာဂနာမှ အစီရင်ခံစာတင်ရန် နောက်ဆုံးရက်သည် နိုဝင်ဘာလ ၁၆ ရက်မှ ၂၀၁၃ ခုနှစ် မတ်လ ၃၁ ရက်သို့နောက်ဆုတ်သွားပါသည်ဟု ကြေငြာခဲ့သည်။ ထို့အပြင် အစိုးရက မည်သည့်ရိုဟင်ဂျာလူမျိုးမှ မပါဝင်သောကော်မရှင်အား မူဆလင်အသိုင်းအဝိုင်း၏ ကိုယ်စားပြုမှုကို ပိုမို၍နည်းပါးသွားစေရန် လုပ်ဆောင်ခဲ့သည်။ နိုဝင်ဘာလ ၁ ရက်တွင် အစိုးရက မူဆလင်ခေါင်းဆောင်နှစ်ဦးဖြစ်သည့် ဦးညွန့်မောင်ရှိန်နှင့် ဦးတင်မောင်သန်းတို့ကို ကော်မရှင်မှထုတ်ပယ်ခဲ့သည်။ ထိုဘာသာရေးခေါင်းဆောင်နှစ်ဦးကို ထုတ်ပယ်ခြင်းသည် ရခိုင်ပြည်နယ်အတွင်းရှိ ဆူပူမှုများအားကိုင်တွယ်ပုံညံ့ဖျင်းခြင်းအပေါ် ဒေသခံအစိုးရ အာဏာပိုင်များအား သူတို့၏ လူသိရှင်ကြား ထုတ်ဖော်ဝေဖန်မှုများနှင့် ဆက်စပ်ပုံရပါသည်။

### ဘင်္ဂလားဒေ့ရှ် နှင့် ထိုင်းတို့က ကလေးများအပါအဝင် ရိုဟင်ဂျာဒုက္ခသည်များအား လက်မခံပဲ မောင်းထုတ်နေ

UN ဒုက္ခသည်ဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) က ဒေသတွင်းရှိ အိမ်နီးချင်းနိုင်ငံများအား သူတို့၏နယ်စပ်များအား ဖွင့်ထား၍ အတင်းအကျပ်ပြန်နိုင်းခြင်းများကို ရပ်ဆိုင်းပါရန် တောင်းဆိုထားသော်လည်း မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများက ထွက်ပြေးလာသောရိုဟင်ဂျာများအတွက် ခိုလှုံရာပေးရန် ပျက်ကွက်ခဲ့ကြသည်။

နိုဝင်ဘာ ၁၁ ရက်တွင် ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ် (BGB) အရာရှိများက ပြီးခဲ့သည့်ရက်သတ္တပတ်များအ တွင်း အနည်းဆုံးရိုဟင်ဂျာ ၈၀၀ ခန့်ကိုအတင်းအကြပ်ပြန်နိုင်းခဲ့သည်ဟု ပြောကြားခဲ့သည်။ နိုဝင်ဘာ ၁၂ မှ ၂၉ ရက်အတွင်းတွင် ဘင်္ဂလားဒေ့ရှ်အာဏာပိုင်များက ဘင်္ဂလားဒေ့ရှ်မြန်မာနယ်စပ်တလျှောက်ရှိ နေရာမျိုးစုံမှ နောက်ထပ် ရိုဟင်ဂျာ ၂၀၇ ယောက်အား အတင်းအကြပ် ပြန်နိုင်းခဲ့သည်။ ဘင်္ဂလားဒေ့ရှ်သည် ရခိုင်ပြည်နယ်မှ

ထွက်ပြေးလာကြသော ရိုဟင်ဂျာများအား မကြိုဆိုသည့် မြန်မာနိုင်ငံ၏ တခုတည်းသော အိမ်နီးချင်းနိုင်ငံတော့ မဟုတ်ပေ။ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ထိုနေ့မတိုင်ခင်တရက်က ဖူးကက်မြောက်ဘက်ရိုကမ်းခြေသို့ ဆိုက်ရောက်လာသည့် လှေစီးရိုဟင်ဂျာ ၁၁၂ ယောက် (၄င်းတို့ထဲမှ တဝက်ခန့်မှာ အသက် ၁၈ နှစ်အောက်များဖြစ်) ကို ထိုင်းအာဏာပိုင်များက မောင်းထုတ်ခဲ့ကြသည်။

UN နှင့် NGO များစွာတို့မှ မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်သို့ လှေလမ်းခရီးများမှတဆင့် ရိုဟင်ဂျာများ အစုလိုက်အပြုံလိုက် သက်စွန့်ဆံဖျား ထွက်ခွါလာနေခြင်းနှင့် ဆက်စပ်သည့်အန္တရာယ်များအပေါ် ၎င်းတို့၏ပူပန်မှုများကို ထုတ်ဖော်ပြော ကြားခဲ့ကြသည်။ နိုဝင်ဘာလ ၇ ရက်နေ့တွင် ဘင်္ဂလားဒေ့ရှ်၊မြန်မာနယ်စပ်အလွန်ရှိ ဘင်္ဂလားပင်လယ်အော်၌ အဓိကအားဖြင့် ရိုဟင်ဂျာများဖြစ်သည့် လှေစီးဝင်ရောက်လာသူ ၁၁၀ ဦးကိုတင်ဆောင်လာသည့် လှေတစင်းနစ် မြုပ်ခဲ့ပြီးနောက် အနည်းဆုံးလူ ၅၀ ပျောက်ဆုံးသွားခဲ့သည်။ UNHCR က ထိုကိစ္စသည် အထူးပူပန်စရာဖြစ်သည်ဟု မကြာသေးခင်က ကံဆိုးဝါးစွာ လှေနစ်မြုပ်ခဲ့မှုများအပေါ် ပြောဆိုခဲ့ကာ (၂၀၁၂ ခု၊ အောက်တိုဘာ မြန်မာသ တင်းလွှာတွင် ကြည့်ပါ) အန္တရာယ်ရှိသော ရခိုင်ပြည်နယ်မှ မတည်ငြိမ်သည့်အခြေအနေက ပြီးခဲ့သည့်နှစ်များက ထက် ပိုမိုများပြားသောလူများအား အတင်းအကြပ်ထွက်ပြေးလာနေစေကာ ထိုကိစ္စသည် အခြားနိုင်ငံများတွင် မတည်ငြိမ်မှုများဖြစ်ပေါ်လာစေနိုင်ကြောင်း သတိပေးပြောကြားလိုက်သည်။ UNHCR က ရိုဟင်ဂျာများ၏ နိုင်ငံမဲ့ ဖြစ်နေရမှုအပါအဝင် လှေများဖြင့်ထွက်ပြေးနေရသည့် အဓိကအကြောင်းအရင်းကို ချက်ချင်းကိုင်တွယ် ဖြေရှင်း ရန် အစိုးရအားတောင်းဆိုလိုက်သည်။

**နိုင်ငံတကာအသိုင်းအဝိုင်းမှ စိုးရိမ်ပူပန်မှုများကိုဆက်လက် ထုတ်ဖော်ပြောကြား**

နိုဝင်ဘာလတွင် နိုင်ငံတကာအသိုင်းအဝိုင်းမှ ရခိုင်ပြည်နယ်တွင်ဖြစ်ပွားနေသော လူမျိုး၊ ဂိုဏ်းဂဏအခြေခံ အကြမ်းဖက်မှုများအပေါ် စိုးရိမ်ပူပန်မှုကို ဆက်လက်ဖော်ပြခဲ့ကြသည်။

- **နိုဝင်ဘာ ၃** - UN ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) က ရခိုင်ပြည်နယ်တွင် ဥပဒေပြန်လည်စိုးမိုးရန် ချက်ချင်းလုပ်ဆောင်ရမည်ဟု ပြောကြားလိုက်ကာ လိုအပ်နေသူများထံသို့ လူသားချင်းစာနာသည့် အကူ အညီများရောက်ရှိနိုင်ရန်လည်း ခွင့်ပြုပေးရမည်ဟု ပြောကြားလိုက်သည်။
- **နိုဝင်ဘာ ၅ ရက်** - အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာနက ရခိုင်ပြည်နယ်တွင် ရိုဟင်ဂျာများအပေါ် ပြန်လည် ဖြစ်ပွားလာသော အကြမ်းဖက်မှုများအား အထူးပင်စိတ်မကျေမနပ် ဖြစ်ရသည်ဟု ဖော်ပြလိုက်ကာ အကြမ်း ဖက်မှုများအား အဆုံးသတ်စေရန်၊ လျင်မြန်ပြီးထိရောက်သောလုပ်ဆောင်မှုများ ပြုလုပ်ပါရန် အစိုးရကိုတိုက် တွန်းလိုက်သည်။
- **နိုဝင်ဘာ ၆** - UK နိုင်ငံခြားရေးဝန်ကြီး ဝီလီယမ်ဟိတ် က ရခိုင်ပြည်နယ်မှ အကြမ်းဖက်မှုများရပ်တန့်သွား အောင် မြန်မာအစိုးရက လုပ်ဆောင်သင့်ကာ ရိုဟင်ဂျာများ၏ နိုင်ငံသားဖြစ်မှုကိစ္စကို ကိုင်တွယ်သင့်သည်ဟု ပြောကြားလိုက်သည်။
- **နိုဝင်ဘာ ၉** - ရန်ကုန်ရှိ UK, US, ဩစတေးလျ၊ အီဂျစ်၊ ပြင်သစ်၊ ဆော်ဒီအာရေးဗီးယား၊ ဂျပန်၊ ဂျာမဏီ၊ နော်ဝေး၊ ဘရာဇီး နှင့် တူရကီ သံရုံးများက ရခိုင်ပြည်နယ်မှ အကြမ်းဖက်မှုများအားချက်ချင်းရပ်တန့်ရန် နှင့် ထို အကြမ်းဖက်မှုများကို ခံစားနေရသောသူများထံသို့ လုံခြုံသော၊ အချိန်နှင့်တပြေးညီဖြစ်သော၊ အတားအဆီးမရှိ သော လူသားချင်းစာနာသည့်အကူအညီများရောက်ရှိနိုင်ရေးကိုအစိုးရမှလုပ်ဆောင်ပေးရန်တို့အတွက် တောင်းဆိုထားသော ပူးတွဲကြေငြာချက် တစောင်ကို ထုတ်ပြန်ခဲ့သည်။
- **နိုဝင်ဘာ ၉** - UN လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီး နဗီးပီလေး က ရိုဟင်ဂျာများအား မျှတသော နိုင်ငံသားပြုခွင့် အခွင့်အရေးရရှိမှုသေချာစေရန်အတွက် ၁၉၈၂ ခု နိုင်ငံသားပြုမှု ဥပဒေကို ပြန်လည်သုံးသပ် ရန် အစိုးရအား တောင်းဆိုလိုက်သည်။ ပီလေးက ရခိုင်ပြည်နယ်မှ ဂိုဏ်းဂဏ၊ လူမျိုးအခြေခံ အကြမ်းဖက်မှုများကို မဖြေရှင်းနိုင်ပါက ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကိုပင် ထိခိုက်စေနိုင်သည်ဟုလည်း သတိပေးပြောကြားလိုက်သည်။
- **နိုဝင်ဘာ ၁၄** - မလေးရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ရခိုင်ပြည်နယ်မှ လူမျိုး၊ ဂိုဏ်းဂဏအခြေခံ အကြမ်း ဖက်မှုများကြောင့် အိုးအိမ်စွန့်ခွာထွက်ပြေးနေရသူများနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုကိုဖော်ပြထားသည့် ကြေ

ငြာချက်တစောင်ကိုထုတ်ပြန်လိုက်ကာ မလေးရှားနိုင်ငံမှ အကူအညီများကိုတိုးချဲ့ပေးသွားရန် အဆင်သင့်ရှိနေကြောင်းလည်း ပြောကြားလိုက်သည်။

- **နိုဝင်ဘာ ၁၄** - US နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က အမေရိကန်နိုင်ငံမှ ရခိုင်ပြည်နယ်တွင်း အကြမ်းဖက်မှုများကို ရှုံ့ချလိုက်ကြောင်း ပြောဆိုလိုက်ပြီး အကြမ်းဖက်မှုများနောက်ကွယ်တွင် တည်ရှိနေသော ပြဿနာများကို ကိုင်တွယ်နိုင်ရန် အဓိပ္ပါယ်ပြည့်ဝသည့် တွေ့ဆုံဆွေးနွေးမှုတစုပြုလုပ်ရန် တောင်းဆိုလိုက် သည်။
- **နိုဝင်ဘာ ၁၇** - အစ္စလာမ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OIC) က ရခိုင်ပြည်နယ်မှ ရိုဟင်ဂျာများအား လူမျိုးတုန်းသတ်ဖြတ်နေခြင်းမှ ကယ်တင်ရန်အတွက် နိုင်ငံတကာအသိုင်းအဝိုင်းမှ လုပ်ဆောင်ပါရန် တောင်းဆိုလိုက်သည်။
- **နိုဝင်ဘာ ၂၀** - ပါကစ္စတန်လွှတ်တော်မှ ရခိုင်ပြည်နယ်မှ မူဆလင်များအပေါ် အကြမ်းဖက်မှုများအား ရှုံ့ချရန်အတွက်ဆုံးဖြတ်ချက်တခု ချမှတ်လိုက်သည်။

**အာဆီယံမ်က ရခိုင်ပြည်နယ်ဆူပူမှုများအပေါ် သတိကြီးစွာကိုင်တွယ်**

နိုဝင်ဘာလတွင် အစိုးရမှ ပြည်တွင်းရေး ပြဿနာ သာဖြစ်ကြောင်း ပြောကြားတင်းခံနေသည့် အတွက် အာဆီယံမ်သည် ရခိုင်ပြည်နယ်တွင်း ဆက်လက်ဖြစ်ပွားနေသော ဂိုဏ်းဂဏ၊ လူမျိုးအခြေခံအကြမ်း ဖက်မှုများနှင့် ပတ်သက်၍ မြန်မာနိုင်ငံအားအတိအလင်း ဖိအားပေးခြင်းကို ရှောင်ကျဉ်ခဲ့သည်။ နိုဝင်ဘာ ၁၈ ရက်တွင်ပြီးဆုံးသည့် အာဆီယံမ်ထိပ်သီးအစည်းအဝေးအပြီးတွင် ထုတ်ပြန်မည့် ဥက္ကဌ၏ကြေငြာချက်တွင်ပါဝင်သည့် ၄င်းအခြေအနေနှင့် ပတ်သက်သည့် မည်သည့်အသေးစိတ် ရည်ညွှန်းချက်ကိုမဆို ထည့်သွင်းဖော်ပြရန် အစိုးရမှ ငြင်းပယ်ခဲ့သည်။ အတည်ပြုနိုင်ခဲ့သော စာသားများတွင် အမြင့်ဆုံးအနေဖြင့် ဆူပူမှုနှင့်ပတ်သက်၍ လျော့လျော့ပေါ့ပေါ့ရေးသားထားသော အပိုဒ်တပိုဒ်သာပါဝင်ကာ အစိုးရနှင့်ပူးပေါင်း၍ လူသားချင်းစာနာသည့် အကူအညီများပေးလိုသည့် အာဆီယံမ်၏ ဆန္ဒအပေါ်တွင်သာ အထူးသီးသန့်စူးစိုက်စွာ ရေးသားထားပါသည်။ နိုဝင်ဘာလ ၁၆ ရက်တွင် အာဆီယံမ်အထွေထွေ အတွင်းရေးမှူး ဆူရင်းပစ်ဆူဝမ်က ရိုဟင်ဂျာများနှင့်ပတ်သတ်၍ ၎င်း၏နိုင်ငံသားပြုမှုဥပဒေကို ပြောင်းလဲရန်အတွက် မြန်မာအစိုးရအား ဖိအားပေးရန်မှာ အာဆီယံမ်၏အခန်းကဏ္ဍ၊ လုပ်ပိုင်ခွင့်မဟုတ်ပါဟု ပြောကြားခဲ့သည်။

## မြန်မာပြည်တွင်းသတင်းများ

---

**မြန်မာပြည်အနှံ့ ဆန္ဒပြပွဲများ ပြင်းထန်လာ**

နိုဝင်ဘာလတွင် မြန်မာပြည်အနှံ့ရှိ အစိုးရမှကျောထောက်နောက်ခံပေးထားသော စီးပွားရေးလုပ်ငန်းကြီးများအပေါ် ငြိမ်းချမ်းစွာဆန့်ကျင်ဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့သည်။ ဆန္ဒပြပွဲနှစ်ခုတွင် အစိုးရအာဏာပိုင်များက အင်အားအလွန်အကျံသုံးစွဲခြင်း၊ ဖမ်းဆီးခြင်း၊ ခြိမ်းခြောက်ခြင်းများဖြင့် တုံ့ပြန်ခဲ့ကြသည်။

**မုံရွာကြေးနီစီမံကိန်း**

စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ် လက်ပံတောင်းတောင်ကြောရှိ စစ်တပ်မှ ကျောထောက်နောက်ခံပေးထားသော ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်ကုမ္ပဏီ (UMEH) နှင့် တရုတ်ပိုင် ဝမ်ပေါင်ကုမ္ပဏီတို့မှ လုပ်ဆောင်နေသော မုံရွာကြေးနီးမိုင်းအားတိုးချဲ့ခြင်းကိုဆန့်ကျင်ဆန္ဒပြမှုများသည်တတိယမြောက်လအထိ ဆက်တိုက်ဆက်လက်ဖြစ်ပွားနေခဲ့သည်။ တက်ကြွလှုပ်ရှားသူများ၊ ကျောင်းသားများနှင့် ဗုဒ္ဓဘာသာရဟန်းများ အပါအဝင် လူအင်အား ၁၀၀၀ ခန့်တို့သည်နေရာခြောက်ခုရှိနောက်ဆုံးဆန္ဒပြနေသည့်အသုတ်တွင်ပါဝင်လျက်ရှိကြသည်။ တက်ကြွလှုပ်ရှားသူများသည် ရန်ကုန်တွင်လည်း ထိုစီမံကိန်းကို ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။

- **နိုဝင်ဘာ ၁၈** - ဆန္ဒပြသူများသည် ပုသိမ်၊မုံရွာလမ်းပေါ်ရှိ မုံရွာကြေးနီစီမံကိန်းအနီးမှ တရုတ်ပိုင်ဝမ်ပေါင်ကုမ္ပဏီရုံးခန်းရှေ့ တွင်စုရုံးခဲ့ကြကာ ကြေးနီမိုင်းလုပ်ငန်းများရပ်ဆိုင်းသွားအောင် လုပ်ဆောင်ခဲ့ကြသည်။
- **နိုဝင်ဘာ ၁၉** - ကျောင်းသားများနှင့် တက်ကြွလှုပ်ရှားသူအုပ်စုတစုသည် အမေရိကန်သမ္မတ ဘားရက်အိုဘားမားလာရောက်စဉ်တွင် ရန်ကုန်တက္ကသိုလ်ပြင်ပ၌ မုံရွာကြေးနီမိုင်းစီမံကိန်းအား ရပ်တန့်ရန်တောင်းဆိုသော ပိုစတာများကိုင်ဆောင်ထားခဲ့ကြသည်။

- **နိဝင်ဘာ ၂၀** - မန္တလေး၊ မုံရွာ နှင့် ပခုက္ကူတို့မှ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး ၅၀၀ ခန့်တို့သည် မုံရွာကြေးနီမိုင်း စီမံကိန်းအား ဒေသခံရွာသားများမှ ဆက်လက်ဆန့်ကျင်ဆန္ဒပြနေမှုများတွင် သွားရောက်ပူးပေါင်း ခဲ့ကြသည်။
- **နိဝင်ဘာ ၂၆** - တက်ကြွလှုပ်ရှားသူ ၅၀ ခန့်တို့သည် မုံရွာကြေးနီမိုင်းချဲ့ထွင်ခြင်း ကိုဆန့်ကျင်သည့်အနေဖြင့် ရန်ကုန်မြို့လယ်တွင် ငြိမ်းချမ်းစွာဆန္ဒပြခဲ့ကြသည်။
- **နိဝင်ဘာ ၂၇** - အစိုးရအာဏာပိုင်များက နိုင်ငံရေးအကျဉ်းသားဟောင်း ဒေါ်နော်အုန်းလှ အပါအဝင်တက်ကြွ လှုပ်ရှားသူ ၆ ယောက်တို့အား နိုဝင်ဘာ ၂၆ ရက်နေ့ဆန္ဒပြမှုနှင့်ပတ်သက်၍ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့်ဆန္ဒပြ ခြင်းဥပဒေဖြင့်လည်းကောင်း၊ ရာဇဝတ်ပုဒ်မဖြစ်သော ၅၀၅ (ခ) ဖြင့်လည်းကောင်းတရားစွဲဆိုလိုက်သည်။
- **နိဝင်ဘာ ၂၇** - အစိုးရပြည်ထဲရေးဝန်ကြီးဌာနက ဆန္ဒပြနေကြသူများအား မုံရွာကြေးနီမိုင်းတွင် နေရာယူ ထားခြင်းကို အဆုံးသတ်ရန်နှင့် ထိုသို့မဟုတ်ပါက တရားစွဲဆိုခံရမည်ဟု အမိန့်ထုတ်ပြန်လိုက်သည်။
- **နိဝင်ဘာ ၂၈** - မုံရွာကြေးနီမိုင်းနေရာတွင် နေရာယူထားကြသော ဆန္ဒပြသူရဟန်းများစွာတို့သည် သူတို့၏ဆန္ဒပြမှုအား ရပ်ဆိုင်းရန် အစိုးရ၏အမိန့်ကိုအာခံခဲ့ကြကာ ထိုကြေးနီမိုင်းစီမံကိန်းရပ်ဆိုင်းသွားသည် အထိ ထိုနေရာတွင်ဆက်လက်နေရာယူသွားမည်ဟု ပြောကြားလိုက်သည်။ ဝမ်ပေါင်ကုမ္ပဏီရုံးခန်းနှင့် နီးကပ် သော ပင်မဆန္ဒပြသည့်နေရာအနီးတွင်တည်ရှိသည့် သပိတ်စခန်းအသေးတခုမှ သံဃာတော်အပါး ၃၀ အားဖယ် ရှားရန် ပြုလုပ်ခဲ့သော ရဲများ၏ကြိုးပမ်းမှုသည် မအောင်မြင်ခဲ့ပေ။
- **နိဝင်ဘာ ၂၉** - ဝမ်ပေါင်ကုမ္ပဏီရုံးခန်းအနီးရှိ ပင်မသပိတ်စခန်းကိုရှင်းလင်းရန်အတွက် ရဲများက မျက်ရည်ယိုဗုံးများ၊ မီးသတ်ပိုက်များကို အသုံးပြုခဲ့ကြသည်။ အများစုဗုဒ္ဓဘာသာရဟန်းများဖြစ်ကြသော ဆန္ဒပြသူ ၃၀ ခန့်တို့သည် ဖြိုခွဲခံရခြင်းကြောင့် မီးလောင်ဒဏ်ရာများရရှိခဲ့ကြကာ မုံရွာဆေးရုံတွင်တက်ရောက်ဆေးကုသခဲ့ကြသည်။ ရှင်းလင်းပွဲနောက်ပိုင်းအကျိုးဆက်အဖြစ် ဒေသခံအစိုးရအာဏာပိုင်များက သပိတ်စခန်း ၆ ခုလုံးကိုပိတ်ပစ်ခဲ့ကြသည်။

အစိုးရအဆင့်မြင့်အရာရှိများက မုံရွာကြေးနီစီမံကိန်းကို ဆက်လက်လုပ်ကိုင်ရန် အားပေးပြောကြားခဲ့ကြကာ ဆန္ဒပြသူများအား အကြမ်းဖက်ဖြိုခွဲမှုကို ကာကွယ်ပြောဆိုခဲ့ကြသည်။

- **နိဝင်ဘာ ၂၃** - မုံရွာမှဆန္ဒပြသူများနှင့် ညှိနှိုင်းသည့်အခါတွင် သမ္မတရုံးဝန်ကြီးဦးအောင်မင်းက ထိုစီမံကိန်းကိုရပ်တန့်လိုက်လျှင်ချုပ်ဆိုထားသည့်စာချုပ်ကိုချိုးဖောက်ရာကျမည်ဖြစ်ပြီး တရုတ်ပိုင်ဝမ်ပေါင်ကုမ္ပဏီအား လျော်ကြေးများစွာပေးရမည်ဖြစ်သောကြောင့် ရပ်တန့်ရန် မဖြစ်နိုင်ပါဟု ပြောဆိုခဲ့သည်။
- **နိုင်ဝင်ဘာ ၂၃** - ပြည်သူ့လွှတ်တော်၌ မေးမြန်းလာသော မေးခွန်းများကို ပြန်လည်ဖြေကြားရာတွင် အစိုးရ ကာကွယ်ရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်က မုံရွာကြေးနီမိုင်းစီမံကိန်းကို ကာကွယ်ပြောကြားလိုက်ကာ နိုင်ငံခြားကုမ္ပဏီများနှင့် စာချုပ်ချုပ်ဆိုထားမှုကို မြန်မာနိုင်ငံမှ တဘက်သတ်ဖျက်သိမ်းလိုက်ပါက နိုင်ငံခြားရင်း နှီးမြုပ်နှံမှုများအတွက် အနုတ်လက္ခဏာသဘောဆောင်သော သက်ရောက်မှုများရှိလာပါလိမ့်မည်ဟု သတိပေး လိုက်သည်။
- **နိဝင်ဘာ ၂၉** - အစိုးရသတင်းထုတ်ပြန်ရေးအဖွဲ့က ကြေငြာချက်တစောင်ထုတ်ပြန်ခဲ့ကာ ထိုကြေငြာချက် တွင် မုံရွာကြေးနီမိုင်းမှ ဆန္ဒပြသူများအား ဖြိုခွဲလိုက်ခြင်းသည် ပြည်သူတို့အကျိုးအတွက်၊ ဒီမိုကရေစီလုပ်ဟန် အတိုင်းပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု ဖော်ပြထားသည်။

**မြေယာသိမ်းဆည်းမှု**

- **နိဝင်ဘာ ၂** - ရာဝတီတိုင်း၊ ပုသိမ်မြို့နယ်၊ ချောင်းသာကမ်းခြေမှ ဟိုတယ်ဖွံ့ဖြိုးရေးစီမံကိန်းအတွက် လမ်းဖောက်ရန် သိမ်းယူခဲ့သောမြေများအတွက် ပေးသောလျော်ကြေးမှာ မလုံလောက်ဟုဆိုကာ လယ်သမား ၁၀၀ ကျော်တို့ ကဆန္ဒပြခဲ့ကြသည်။
- **နိဝင်ဘာ ၂၃** - ရန်ကုန် လှိုင်သာယာမြို့နယ်ရှိ အနော်ရထာစက်မှုဇုံ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် သိမ်းယူခဲ့ သောမြေများအတွက် လျော်ကြေးပေးရန် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်မှ ဒေသခံအစိုးရရုံးရှေ့တွင် လယ်သမား ၃၀ ကျော်က ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ ယခုနှစ်စောစောပိုင်းက လျော်ကြေးပေးမည်ဆိုသောကတိကို ပြန်လည်ရုတ်သိမ်းသွားပြီးနောက် အောက်တိုဘာလ ၃၁ ရက်ကတည်းက ရန်ကုန်မြို့လသာမြို့နယ်မှ ဝါဝါဝင်း ကုမ္ပဏီရုံးချုပ်ရှေ့တွင် လယ်သမားများမှ ထိုင်သပိတ်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

**မိုးထိမိုးမိရွှေမိုင်း**

- **နိုဝင်ဘာ ၃၊ ၆၊ ၈** - မြန်မာအမျိုးသားကြီးပွားတိုးတက်ရေးအုပ်စုကုမ္ပဏီ (MNPPC) ကလုပ်ကိုင်နေသည့် မန္တလေးတိုင်း ရမည်းသင်းမြို့နယ် မိုးထိမိုးမိရွှေမိုင်းမှ အလုပ်သမားများသည် ဖွန်လအတွင်းကရရှိခဲ့သော သဘောတူညီမှုများကို ကုမ္ပဏီမှလိုက်နာရန်ပျက်ကွက်ခဲ့သည့်အပေါ် ရန်ကုန်ရှိ (MNPPC) ရုံးချုပ်ရှေ့တွင် ဆန္ဒပြခဲ့ကြသည်။ အလုပ်သမားများအား အကျိုးအမြတ်ခွဲဝေခံစားခွင့်ဖြင့် မိုင်းတွင်အလုပ်လုပ်ကိုင်ရန်နှင့် ဝင်ငွေဆုံးရှုံးခဲ့ရသည်အတွက် လျော်ကြေးပေးရန် သဘောတူညီချက်များရရှိခဲ့သည်။
- **နိုဝင်ဘာ ၈** - မိုးထိမိုးမိရွှေမိုင်းမှ အလုပ်သမား ၈၅ ဦးတို့သည် MNPPC အား ကန့်ကွက်ဆန္ဒပြရန်အတွက် ရန်ကုန်မှနေပြည်တော်သို့ လမ်းလျှောက်ချီတက်မှုကို စတင်ခဲ့သည်။
- **နိုဝင်ဘာ ၂၃** - ပဲခူးတိုင်း၊ ရေတာရှည်မြို့နယ် မြို့လှကျေးရွာမှ ရဲများက မိုးထိမိုးမိရွှေမိုင်းမှ အလုပ်သမား ၄ ဦး အား နေပြည်တော်သို့ချီတက်နေစဉ်အတွင်းတွင် ရိုက်နက်၊ တိုက်ခိုက်၍ ဖမ်းဆီးခဲ့သည်။ အာဏာပိုင်များက ဆက်လက်၍၎င်းတို့အား ငြိမ်းချမ်းစွာစုရုံးခြင်း ဆန္ဒပြခြင်းဥပဒေ၊ ရာဇဝတ်ပုဒ်မဖြစ်သည့် ၅၀၅ (ခ) တို့ဖြင့်တရား စွဲခဲ့ကြသည်။
- **နိုဝင်ဘာ ၂၆** - ဒီဇင်ဘာ ၃ ရက်နေ့တွင် မန္တလေးတိုင်း ရမည်းသင်းမြို့နယ်တွင် MNPPC ကုမ္ပဏီနှင့် ညှိနှိုင်း သဘောတူပြီးနောက် မိုးထိမိုးမိရွှေမိုင်းမှ အလုပ်သမားများက ၎င်းတို့၏ဆန္ဒပြမှုအား ရပ်ဆိုင်းလိုက်ကြောင်း သတင်းရရှိသည်။

**ကချင်ပြည်နယ်မှ တိုက်ပွဲများဆက်လက်ဖြစ်ပွား**

အောက်တိုဘာလက အစိုးရနှင့် ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) တို့အကြားဆွေးနွေးခဲ့ကြသော်လည်း အစိုးရ တပ်များနှင့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) တို့အကြား တိုက်ပွဲများသည် နိုဝင်ဘာတလလုံး ဆက် လက်ဖြစ်ပွားခဲ့သည်။

- **နိုဝင်ဘာ ၂** - အစိုးရစစ်တပ်က ကချင်ပြည်နယ် ဖားကန့်မြို့နယ်မှ အန်ဘလာခကို လက်နက်ကြီးများဖြင့်ပစ်ခတ်ခဲ့ရာ ကလေးသုံးယောက်ထိခိုက်ဒါဏ်ရာရသွားခဲ့သည်။ အစိုးရစစ်တပ်က ဖားကန့်မြို့နယ်ရှိ KIA တပ်စွဲထားသည့် လန်မောင်ခွောင် နှင့် ဆန်းဂျာ တို့ကိုလည်း လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။
- **နိုဝင်ဘာ ၅**- KIA တပ်များက အစိုးရတပ်မှ စစ်သား ၈ ယောက်ကို ရှမ်းပြည်မြောက်ပိုင်း ဒွန်ဝေါတွင်ဖြစ်ပွား သောတိုက်ပွဲအတွင်း ချေမှုန်းသတ်ဖြတ်နိုင်ခဲ့သည်။
- **နိုဝင်ဘာ ၁၂** - ကချင်ပြည်နယ် ဖားကန့်မြို့နယ်တွင်ဖြစ်ပွားသော တိုက်ပွဲအတွင်း KIA တပ်များက အစိုးရ တပ်မှ စစ်သားသုံးဦးကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည်။
- **နိုဝင်ဘာ ၁၄** - အစိုးရစစ်တပ် တပ်ဖွဲ့များသည် ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်တွင် KIA တပ်များနှင့်တိုက် ပွဲဖြစ်ပွားခဲ့သည်။
- **နိုဝင်ဘာ ၁၉** - အစိုးရစစ်တပ် တပ်ဖွဲ့များက ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်ရှိ လာမောင်ကွန် နှင့် မော်မောင်ကွန် တို့အနီးရှိဒေသများကို လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ကြသည်။
- **နိုဝင်ဘာ ၂၀** - အစိုးရစစ်တပ် တပ်ဖွဲ့များသည် ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ် လွန်ခေါင်တွင် KIA တပ်များ နှင့် တိုက်ပွဲဖြစ်ပွားခဲ့သည်။
- **နိုဝင်ဘာ ၂၇** - ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်မြို့နယ်ရှိ ဖိုင်ကောင် တွင်ဖြစ်ပွားသောတိုက်ပွဲအတွင်း KIA တပ်များက အနည်းဆုံး အစိုးရတပ်မှ စစ်သား ၁၀ ယောက်ကိုချေမှုန်းသတ်ဖြတ်နိုင်ခဲ့သည်။ ထိုတိုက်ခိုက်မှု အတွက် ထင်ရှားသောလက်တုံ့ပြန်မှုအဖြစ် နိုဝင်ဘာ ၂၈ ရက်တွင် ရှမ်းပြည်နယ်၊ မူဆယ်မြို့နယ် ပန်ဆိုင်းအနီး ရှိ IDP ဒုက္ခသည်စခန်းတခုကို အစိုးရ၏ ခလရ (၂၄၀) တပ်များမှ မီးတင်ရှို့ခဲ့ကြသည်။ ရလာဒ်အနေဖြင့် စခန်း အတွင်းမှ ယာယီအိမ်အလုံး ၂၀ ခန့်မီးလောင်ပျက်စီးခဲ့ရသည်။

အစိုးရက ကချင်ပြည်နယ်မှ အဓိကကျသောဒေသများသို့ နောက်ထပ်တပ်များထပ်မံ၍ ပို့လွှတ်ခဲ့သည်။ နိုဝင်ဘာ ၁၅ ရက်နေ့တွင် ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ကာမိုင်းသို့ စစ်သားများ၊ လက်နက်နှင့်ရိက္ခာများ တင်ဆောင်လာသော

အစိုးရစစ်တပ်၏ ထရပ်ကားအစီး ၄၀ ခန့် ဝင်ရောက်လာခဲ့သည်။ KIA အရာရှိများကလည်း ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ် လိုင်ဇာအနီးရှိ တပ်စခန်းများကို စစ်ကူဖြည့်တင်းရန်အတွက် အစိုးရစစ်တပ် တိုက်ပွဲဝင် တပ်သားသစ်ခန့်မှန်းခြေ ၁၀၀၀ ခန့်ရောက်ရှိလာသည်ဟု ပြောကြားခဲ့သည်။

**မြေမြှုပ်မိုင်းကြောင့် ထိခိုက်သေဆုံးမှုများ များပြားလာ**

နိုဝင်ဘာလ ၁၃ ရက်နေ့တွင် "မြေမြှုပ်မိုင်းနှင့် ကလပ်စတာပုံး (အစုအဝေးဖြင့်ပေါက်သောဗုံး) စောင့်ကြည့်ရေး" အဖွဲ့မှ ၂၀၁၁ ခုတွင် အစိုးရစစ်တပ်များကထောင်သည့် မြေမြှုပ်မိုင်းများနှင့်ပတ်သက်သော အစီရင်ခံစာများမရှိခဲ့ သော်လည်း မြန်မာပြည်မှ သတင်းပို့လာသော မြေမြှုပ်မိုင်းထိသည့် ထိခိုက်သေဆုံးမှုအရေအတွက်မှာ မနှစ်ကနှင့် နှိုင်းယှဉ်လျှင် သိသိသာသာမြင့်တက်လာခဲ့သည်ဟု ဆိုသည်။ ၂၀၁၁ ခုနှစ်တွင် မြေမြှုပ်မိုင်းကြောင့် ထိခိုက်သေဆုံးမှု ၃၈၁ မှုရှိသည်ဟု သတင်းရရှိခဲ့ရာ ၂၀၁၀ ခုနှစ်က မှတ်သားထားသော ၂၇၄ မှုမှ ၄၀ % နီးပါးတိုးမြင့်လာခဲ့သည်။ ထိခိုက်သေဆုံးမှု ၅၀% ကျော်သည် အရပ်သားများဖြစ်ကြသည်။ ထိုအဖွဲ့ကထပ်မံ၍ ၂၀၁၁ ခုနှစ်တွင် အမှန်တကယ်ထိခိုက်သေဆုံးမှုအရေအတွက်မှာ ယခုထက်ပိုနိုင်သည်ဟု ယုံကြည်ကြောင်း ပြောကြားလိုက် သည်။

**အစိုးရသည် ကောင်းမွန်သောအုပ်ချုပ်ရေးလမ်းကြောင်းပေါ်တွင် အမှန်တကယ်မလျှောက်လှမ်း**

သမ္မတဦးသိန်းစိန်က ကောင်းမွန်တဲ့အုပ်ချုပ်ရေးစံနစ်၏ အရေးကြီးပုံနှင့်ပတ်သက်၍ များစွာပြောဆိုခဲ့သော်လည်း ပြည်သူ့ဘဏ္ဍာကိုအလွဲသုံးစားလုပ်မှုများ နှင့် ဘတ်ဂျက်နှင့်ပတ်သက်၍ ပွင့်လင်းမြင်သာမှုမရှိခြင်းတို့က ယခုအချိန်အထိ သူ့အစိုးရ၏ ထင်ရှားသိသာမှုများအဖြစ် တည်ရှိနေသည်။

နိုဝင်ဘာ ၁၅ ရက်တွင် အမျိုးသားလွှတ်တော်တွင် တင်ပြလာသောအစီရင်ခံစာ၌ အစိုးရစာရင်းစစ်ချုပ် ဦးသိန်းထိုက်က ၂၀၁၁ - ၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များသို့ ချေးငှားခဲ့သော ကျပ်ငွေ ၅၈.၄ ဘီလီယံ (US ဒေါ်လာ ၆၈ သန်း) နှင့်ပတ်သက်၍ဖြစ်ပေါ်ခဲ့သည့် ဝန်ကြီးဌာန ၁၅ ခုတို့မှပါဝင်ပတ်သက်နေသော "အလွဲသုံးစားပြုမှုများနှင့် မရိုးမဖြောင့်လုပ်ကိုင်မှုများ" ကိုဖော်ထုတ်လိုက်သည်။ အစီရင်ခံစာက ကျပ်ငွေ ၁၇.၄ ဘီလီယံ (US ဒေါ်လာ သန်း ၂၀) မှာပြန်လည်ပေးဆပ်ပြီးဖြစ်ကာ ကျပ်ငွေ ၄၀.၈ ဘီလီယံ (US ဒေါ်လာ ၄၈ သန်း) မှာ ပြန်လည်မဆပ်ရသေးကြောင်းဆိုသည်။ ထို့အပြင် ထိုကိစ္စတွင်ပတ်သက်နေသည့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများမှာလည်း ကျပ်ငွေ ၁၄၄ သန်း (US ဒေါ်လာ ၁၇၀၀၀၀) ခန့်ကို အလွဲသုံးစားပြုလုပ်ထားကြသည်။ အစီရင်ခံစာ၏တွေ့ရှိမှုများကို တုံ့ပြန်သည့်အနေဖြင့် အစိုးရကအချို့ဝန်ကြီးဌာမှ ဝန်ထမ်းများကို ပြောင်းလဲခန့်ထားမှုများပြုလုပ်ခဲ့သော်လည်း အဆင့်မြင့်အရာရှိကြီးများကိုမူ အရေးယူခြင်းမရှိခဲ့ပေ။ ထို့အပြင် လွှတ်တော်၏ပဋ္ဌမအကြိမ်မြောက်အစည်းအဝေးအတွင်းတွင် အစိုးရဆောက်လုပ်ရေးဝန်ကြီးဌာနက SPDC ဥက္ကဌဟောင်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တို့အပါအဝင် အငြိမ်းစားယူသွားပြီးဖြစ်သော စစ်တပ်အရာရှိကြီး ၇၀ တို့နှင့် လက်ရှိဝန်ကြီးအဖွဲ့မှ ဝန်ကြီးများတို့မှ ခန့်အပ်ထားသည့်အိမ်အကူ ဝန်ထမ်း ၄၀၀ တို့အတွက်ကုန်ကျ စရိတ် ကျပ်ငွေ ၁၆.၉ သန်း (US ဒေါ်လာ ၂၀၀၀၀) အတွက်အတည်ပြုချက်ကို ခိုးကြောင်ခိုးဝှက် ရယူသွား ခဲ့သည်။

**လွှတ်တော် ပဋ္ဌမအကြိမ်မြောက် အစည်းအဝေးပြီးဆုံး**

နိုဝင်ဘာလ ၂၃ ရက်တွင် လွှတ်တော်၏ ပဋ္ဌမအကြိမ်မြောက်အစည်းအဝေးအဆုံးသတ်ခဲ့သည်။ ရှေ့အစည်းအဝေးတုန်းကလိုပင် အမတ်များသည် မြန်မာနိုင်ငံ၏ဖိနှိပ်ချုပ်ချယ်သော ဥပဒေများကို ပြင်ဆင်ရန် သို့မဟုတ် ဖျက်သိမ်းရန်မလုပ်ဆောင်နိုင်ခဲ့ပေ။ အစိုးရသည် လူအများမျှော်လင့်နေသော စာနယ်ဇင်းဥပဒေကိုလည်း မတင်ပြနိုင်ခဲ့ပေ။ နိုဝင်ဘာလ ၁၄ ရက်တွင် ပြန်ကြားရေးဝန်ကြီးဦးအောင်ကြည်က စာနယ်ဇင်းဥပဒေအတွက် ပထမမူကြမ်းကိုပယ်ဖျက်လိုက်သည်ဟုပြောကြားသည်ဟူသော သတင်းများထွက်ပေါ်လာပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအားအတည်ပြုလိုက်ခြင်းအပြင် [အောက်တွင်ပါသည့် "နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို အတည်ပြုထုတ်ပြန်" တွင်ကြည့်ပါ။] အခြားအရေးကြီးသော ဖြစ်ထွန်းမှုများမှာအောက်ပါအတိုင်းဖြစ်သည်။

- **နိုဝင်ဘာ ၆** - အမျိုးသားလွှတ်တော်တွင် ကြံ့ခိုင်ရေးပါတီအမတ် ဦးတင်မြတ်သွင်းသော ၁၉၈၂ ခုနိုင်ငံသားပြုမှုဥပဒေပြန်လည်ပြင်ဆင်ရန်အဆိုကို ချောင်ထိုးခြင်းခံလိုက်ရသည်။ ရခိုင်အမျိုးသားတိုးတက်ရေးပါတီ (RNDP) မှအမတ်ဦးကျော်ကျော် နှင့် ဦးခင်မောင် ခေါ် ဦးအောင်ကျော်ဦး အပါအဝင် အမတ်တော်တော်များများက ထိုအဆိုကို ဝိုင်းဝန်းကန့်ကွက်ခဲ့ကြသည်။
- **နိုဝင်ဘာ ၉** - ပညာရေးဒုဝန်ကြီး ဦးဘရွှေက ကန့်ကွက်နေသည့်ကြားမှပင် ပြည်သူ့လွှတ်တော်က ဒေါ်အောင်ဆန်းစုကြည်တင်သွင်းလာသော ရန်ကုန်တက္ကသိုလ်၏ ပညာရေးအရည်အသွေး မြင့်မားလာစေရန်အတွက် နည်းလမ်းများတီထွင်လုပ်ကိုင်ရန် ကော်မတီတခုဖွဲ့စည်းရန်ဟူသောအဆိုကို ထောက်ခံမဲ ၂၄၈ မဲ၊ ကန့်ကွက်မဲ ၆၄ မဲဖြင့် အတည်ပြုခဲ့သည်။
- **နိုဝင်ဘာ ၉** - ပြည်သူ့လွှတ်တော်က ဒေါ်အောင်ဆန်းစုကြည်တင်ပြသော ရန်ကုန်အထွေထွေဆေးရုံကြီးတွင် ကျန်းမာရေးစောင့်ရှောက်မှု တိုးတက်လာစေရန်အတွက် သက်ဆိုင်သည့် ကော်မတီတခုထူထောင်ရန်အဆိုကို အတည်ပြုခဲ့သည်။
- **နိုဝင်ဘာ ၂၀** - အမျိုးသားဒီမိုကရေစီပါတီသစ် (NNDP) အမတ်ဦးသိန်းညွှန့်က အစိုးရမှထုတ်လုပ်နေသော သတင်းစာကိုပုဂ္ဂလိကပိုင်ပြုလုပ်ရန် အဆိုကိုတင်သွင်းခဲ့သည်။ ဦးသိန်းညွှန့်က စာရင်းစစ်ချုပ်၏ အစီရင်ခံစာတွင်ဖော်ပြထားသည့်ပြန်ကြားရေးဝန်ကြီးဌာန၏အလွဲသုံးစားလုပ်မှုများကြောင့်ဟုဆိုင်း၏အဆိုတင်ပြမှုခိုင်လုံကြောင်းကို ရှင်းပြခဲ့သည်။[အထက်တွင်ဖော်ပြထားသော "အစိုးရသည် ကောင်းမွန်သောအုပ်ချုပ်မှုလမ်းကြောင်းကို အမှန်တကယ် မလျှောက် လှမ်း"တွင်ကြည့်ပါ။]
- **နိုဝင်ဘာ ၂၃** - ပြည်သူ့လွှတ်တော်က NLD အမတ်ဒေါ်ခင်စန်းလှိုင်တင်ပြလာသော စစ်ကိုင်းတိုင်းရှိ မုံရွာကြေးနီစီမံကိန်း၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နှင့် လူမှုဘဝဆိုင်ရာ သက်ရောက်မှုများကို ဆန်းစစ်ရန်နှင့် ထိုစီမံကိန်းအား ချဲ့ထွင်ခြင်းအားဆက်လက်ပြုလုပ်ရန် သင့်မသင့်အပေါ်တွင် တွေ့ရှိချက်များထုတ်ပြန်ရန်အတွက် လွတ်လပ်သောကော်မရှင်တခု ဖွဲ့စည်းရန်အဆိုကို တခဲနက်အတည်ပြုခဲ့ကြသည်။

**စစ်ကိုင်းနှင့်မန္တလေးတိုင်းများတွင် မြေငလျင်ဒါဏ်ခံရ**

နိုဝင်ဘာလ ၁၁ ရက်နေ့တွင် စစ်ကိုင်းတိုင်းရွှေဘိုမြို့မြောက်ဘက် ၅၀ ကီလိုမီတာအကွာခန့်လောက်တွင် ရစ်ချက်တာစကေး ၆.၈ ပြင်းအားရှိ ငလျင်တခုလှုပ်ခတ်သွားသည်။ ထိုငလျင်သည် စစ်ကိုင်းတိုင်းနှင့်မန္တလေးတိုင်းအတွင်းရှိ မြို့နယ် ၂၂ ခုကို ရိုက်ခတ်သွားခဲ့သည်။ ထိုမြို့နယ်များထဲတွင် မန္တလေးတိုင်းမှ စဥ့်ကူ နှင့် သပိတ်ကျင်းမြို့နယ်၊ စစ်ကိုင်းတိုင်းမှရွှေဘိုမြို့နယ်တို့သည် အဆိုးရွားဆုံးထိခိုက်ခံခဲ့ကြရသည်။ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီအဖွဲ့ချုပ် (IFRC) တို့၏အဆိုအရ ငလျင်ကြောင့် လူ၂၆ ယောက်သေဆုံးရကာ ၂၃၁ ယောက်ထိခိုက် ဒါဏ်ရာရခဲ့သည်။ အစိုးရက အိုးအိမ်ပေါင်း ၂၆၀၆ လုံးပျက်ဆီးခဲ့သည်ဟု ထုတ်ပြန်ခဲ့သည်။

**လူ့အခွင့်အရေးပြဿနာ**

---

**နိုင်ငံရေးအကျဉ်းသားများ - ၅၅ ဦးလွှတ်မြောက်၍ ၂၀၀ ခန့်အကျဉ်းထောင်များထဲတွင်ကျန်နေသေး**

နိုဝင်ဘာလတွင် အစိုးရကအကျဉ်းသားများအား နည်း ဗျူဟာမြောက်အချိန်ကိုက် လွှတ်ပေးခြင်းကိုဆက်လက်လုပ်ဆောင်ခဲ့သည်။ နောက်ဆုံးလွှတ်ပေးလိုက်သော အသုတ်သည် အမေရိကန်သမ္မတဘားရက်အိုဘားမား ၏ မြန်မာပြည်ခရီးစဉ်နှင့် တိုက်ဆိုင်နေပါသည်။ [အောက်မှ "US သမ္မတ မြန်မာနိုင်ငံသွား" တွင်ကြည့် ပါ။] နိုဝင်ဘာလ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် သမ္မတ ဦးသိန်းစိန်သည် လွတ်ငြိမ်းချမ်းသာခွင့် ၂ ခုပေးကာ အကျဉ်းသားစုစုပေါင်း ၅၁၈ ယောက်ကိုလွှတ်ပေးခဲ့သည်။ ထိုလွတ်ငြိမ်းချမ်းသာခွင့်များတွင် လွတ်မြောက်လာသူ အများစုမှာ ယခင်စစ်တပ်အရာရှိများနှင့် နိုင်ငံခြားသားအကျဉ်းသားများအပါအဝင် သာမန်ရာဇဝတ်မှုများသာ ဖြစ်ကြသည်။ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဒုတိယလွတ်ငြိမ်းချမ်းသာခွင့်အရ နိုင်ငံရေးအကျဉ်းသား ၅၅ ယောက်ကို လွှတ်ပေးခဲ့သည်။
ထိုသူတို့အထဲတွင်ထင်ရှားသောသူများမှာ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူ ဦးမြင့်အေး၊ ကရင်ရှေ့နေစောကျော်ကျော်မင်းနှင့် ကရင်အမျိုးအသားအစည်းအရုံး (KNU)၊ ရှမ်းပြည်နယ်တပ်မတော် (SSA) နှင့် မြန်မာ

နိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF) တို့မှအဖွဲ့ဝင်များ ဖြစ်ကြသည်။ နိုဝင်ဘာလ ၂၀ ရက်အထိအရဆိုလျှင် မြန်မာနိုင်ငံအကျဉ်းထောင်များထဲတွင် နိုင်ငံရေးအကျဉ်းသား ၂၁၆ ယောက် ကျန်ရှိနေပါသေးသည်။

**ဦးသိန်းစိန်၏ အကျဉ်းသားများ လွှတ်ပေးမှု**

| နေ့စွဲ | အကျဉ်းသားစုစုပေါင်း | နိုင်ငံရေးအကျဉ်းသား | % |
|---|---|---|---|
| 16 May 2011 | 14,578 | 58 | 0.4% |
| 12 Oct 2011 | 6,359 | 240 | 3.8% |
| 4 Jan 2012 | 6,656 | 36 | 0.5% |
| 13 Jan 2012 | 651 | 302 | 46.2% |
| 3 Jul 2012 | 80 | 25 | 31.2% |
| 17 Sep 2012 | 514 | 88 | 17.1% |
| 15 Nov 2012 | 452 | 0 | 0% |
| 16 Nov 2012 | 66 | 51 | 77.2% |
| စုစုပေါင်း | **29,356** | **800** | **2.7%** |

*နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအဖွဲ့ (AAPP)*

### အတင်းအကြပ်ခိုင်းစေမှုများ၊ ကလေးစစ်သား စုဆောင်းမှုများဆက်လက်ရှိနေဆဲ

နိုဝင်ဘာလ ၁၂ ရက်တွင် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ (ILO) က မြန်မာနိုင်ငံမှ အတင်းအကြပ်ခိုင်းစေမှု များ၊ ကလေးစစ်သားစုဆောင်းမှုများတို့နှင့်ပတ်သက်သော တိုင်ကြားချက်များဆက်လက်ရရှိနေသည်ဟု ပြောကြားခဲ့သည်။ ILO ကဇွန်လ ၁ ရက်နေ့နှင့် အောက်တိုဘာလ ၁၁ ရက်နေ့အကြားတွင် တိုင်ကြားမှုပေါင်း ၁၅၈ ခုရရှိခဲ့သည်ဟု ပြီးခဲ့သည့်နှစ်ထိုအချိန်က ၁၄၈ ခုရရှိခဲ့သည်နှင့်နှိုင်းယှဉ်၍ ပြောကြားလိုက်သည်။ ၎င်းတို့တွင် အရွယ်မ ရောက်သေးသူများကို စစ်သားစုဆောင်းမှု ၁၀၈ ခု၊ အတင်းအကြပ်ခိုင်းစေမှုနှင့်ပတ်သက်သည့် ပြဿနာ ၂၅ ခုတို့ ပါဝင်ပါသည်။

### EU နှင့် UN တို့က မြန်မာနိုင်ငံအပေါ် ဆုံးဖြတ်ချက် (Resolution) ချမှတ်နိုင်ခဲ့

နိုဝင်ဘာလတွင် ဥရောပပါလီမန်နှင့် UN အထွေထွေညီလာခံ၏ တတိယကော်မတီတို့မှ ကချင်ပြည်နယ်ရှိ ပဋိပက္ခများနှင့် ရခိုင်ပြည်နယ်မှ လူမျိုး၊ ဂိုဏ်းဂဏအခြေခံ အကြမ်းဖက်မှုများ အပေါ်တွင်အဓိက အလေးထားသည့် ဆုံးဖြတ်ချက်များကို ချမှတ်နိုင်ခဲ့သည်။ နိုဝင်ဘာလ ၂၂ ရက်တွင် ဥရောပပါလီမန်က မြန်မာနိုင်ငံနှင့်ပတ်သက်သည့်ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့သည်။ ၎င်းတွင် အောက်ပါအချက်များပါရှိသည်။

- ရခိုင်ပြည်နယ်မှ လူမျိုး၊ ဂိုဏ်းဂဏအခြေခံ အကြမ်းဖက်မှုများသည် ရိုဟင်ဂျာတို့အပေါ် "ကာလရှည်ကြာစွာ တည်ရှိခဲ့သည့် ခွဲခြားဆက်ဆံမှု မူဝါဒ" ၏အကျိုးရလာဒ်ဖြစ်ကာ ၎င်းသည်ဒေသတွင်းတွင် ကျယ်ပြန့်သောရိုက်ခတ်မှုဖြစ်လာနိုင်သည်။
- အစိုးရအာဏာပိုင်များသည် ရခိုင်ပြည်နယ်မှရိုဟင်ဂျာများအပေါ် ခွဲခြားဆန့်ကျင်မှုများနှင့် အကြမ်းဖက်မှုများတွင်ပါဝင်ပတ်သက်မှုရှိကြသည်။
- ပြဿနာဖြစ်နေသောဒေသများတွင် နိုင်ငံတော်အရေးပေါ်အခြေအနေကြေငြာခြင်း၊ စစ်အုပ်ချုပ်ရေးနှင့် စုံစမ်းရေးကော်မရှင်ဖွဲ့စည်းခြင်းတို့အပါအဝင် ရခိုင်ပြည်နယ်မှ လူမျိုး၊ဂိုဏ်းဂဏအခြေခံ အကြမ်းဖက်မှုများအား နှိမ်နင်းရန် အသုံးပြုခဲ့သော အစိုးရ၏ဆောင်ရွက်ချက်များသည် ထိရောက်မှုမရှိခဲ့ပေ။
- ကျန်ရှိနေသေးသော ယုံကြည်ချက်ကြောင့်အကျဉ်းကျခံနေရသူအားလုံးကို လွှတ်ပေးရမည်ဖြစ်ကာ လူ့အဖွဲ့အစည်းအတွင်းသို့ ချောမွေ့စွာပြန်လည်ဝင်ဆန့်ပေါင်းစပ်နိုင်ရေးအတွက် အဆင့်ဆင့်လုပ်ဆောင်ပေးသင့်သည်။
- ဥပဒေပြုရေးဆိုင်ရာ၊အသင်းအပင်းဆိုင်ရာနှင့်မူဝါဒဆိုင်ရာပြုပြင်ပြောင်းလဲမှုတို့သည်တိုင်းရင်းသားဒေသများမှ ဆက်လက်ဖြစ်ပွားနေသောလူ့အခွင့်အရေးချိုးဖောက်မှုများကိုအဆုံးသတ်ရန်အတွက်သတ်မှတ်ပြဋ္ဌာန်းပေးသင့်သည်။

နိုဝင်ဘာလ ၂၆ ရက်နေ့တွင် UN အထွေထွေညီလာခံ၏ တတိယကော်မတီမှ မြန်မာနိုင်ငံ၏လူ့အခွင့်အရေးအခြေအနေနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်တရပ်ကို အားလုံးသဘောတူညီမှုဖြင့် ချမှတ်ခဲ့သည်။ ထိုဆုံးဖြတ်ချက်တွင် နယ်ပယ်အမျိုးမျိုးအတွက် စိုးရိမ်ပူပန်မှုများကို ဖော်ပြထားကာ အောက်ပါတို့ပါဝင်ပါသည်။

• ကျိုးကြောင်းမဲ့စိတ်ထင်သလို ဖမ်းဆီးမှုများ၊ အတင်းအကြပ်အိုးအိမ်မှဖယ်ရှားစေမှုများ၊ မြေယာသိမ်းဆည်းမှုများ၊ အတင်းအဓမ္မပြုကျင့်ခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း နှင့် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာမှုဆိုင်ရာ ဥပဒေကို ချိုးဖောက်မှုများ အပါအဝင်လူ့အခွင့်အရေးချိုးဖောက်မှုများ။
• ဆက်လက်ဖြစ်ပွားနေသော ကချင်ပြည်နယ်မှလက်နက်ကိုင်ပဋိပက္ခများနှင့် ၎င်းတို့နှင့်ဆက်စပ်နေသည့် လူ့အခွင့်အရေးနှင့် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာမှုဆိုင်ရာ ဥပဒေတို့ကို ချိုးဖောက်မှုများ။
• ရခိုင်ပြည်နယ်မှ ရိုဟင်ဂျာတို့၏အခြေအနေနှင့် မူဆလင်နှင့် ရခိုင်လူထုတို့အကြားနောက်ဆုံး ဖြစ်ပေါ်နေသောအကြမ်းဖက်မှုများ။

UN ၌ အစိုးရကိုယ်စားလှယ်က ဆုံးဖြတ်ချက်တွင် ရိုဟင်ဂျာနာမည်ကို အသုံးပြုခြင်းကို ကန့်ကွက်ခဲ့ကာ မြန်မာနိုင်ငံတွင် ရိုဟင်ဂျာဟူသောတိုင်းရင်းသားလူမျိုးစုမျိုးမရှိပါဟူသော နေပြည်တော်၏ရပ်တည်ချက်သဘောထားကို ထပ်မံပြောကြားခဲ့သည်။

## နိုင်ငံတကာရေးရာ

### မြောက်ကိုရီးယားမှနောက်ထပ် လက်နက်များ

ပြုံယမ်း (မြောက်ကိုရီးယား) နှင့်နိုင်ငံရေး နှင့် စစ်ရေးဆက်ဆံရေးများ အဆက်ဖြတ်ပြီးပြီဟု စောစောပိုင်းကကြေငြာခဲ့သော်လည်း မြောက်ကိုရီးယားနှင့် ဆက်လက်၍စစ်ရေးပူးပေါင်းဆောင်ရွက်နေသည့် သက်သေအထောက်အထားအသစ်တခုနှင့်အတူ အစိုးရကိုလက်ပူးလက်ကြပ် တွေ့ရှိခဲ့သည်။ ထိုကိစ္စကိုပြန်လည် ထိန်းသိမ်းသည့် သိသာလှသောကြိုးပမ်းမှုတရပ်အနေဖြင့် သံသယဖြစ်ဖွယ် နယူးကလီးယား လုပ်ဆောင်ချက်များကို အပြည်ပြည်ဆိုင်ရာမှစစ်ဆေးနိုင်ရန်အတွက် ခွင့်ပြုရန်သဘောတူခဲ့သည်။

နိုဝင်ဘာလ ၂၄ ရက်နေ့တွင် ဂျပန်နိုင်ငံမှ အဆာဟိရှင်ဘွန်းနေ့စဉ်သတင်းစာ၌ ဩဂုတ်လတွင် မြောက်ကိုရီးယားကတရုတ်နိုင်ငံမှတဆင့်မြန်မာနိုင်ငံသို့ ဒုံးကျည်ပြုလုပ်ရန် သို့မဟုတ် ယူရေနီယမ်ရေဒီယိုသတ္တိကြွမှုကိုအဆင့်မြှင့်ရန်တို့အတွက် သုံးရန်သင့်တော်သည့်ပစ္စည်းများကို မြောက်ကိုရီးယားမှ စစ်ပစ္စည်းများဝယ်ယူခြင်းကို ပိတ်ပင်ထားသည့် UN ၏ဆုံးဖြတ်ချက်အား ချိုးဖောက်၍တင်ပို့ရန်ကြိုးစားခဲ့သည်ဟု ဖော်ပြလိုက်သည်။ တင်ပို့မှု တွင်သတ္တုပိုက်အလုံး ၅၀ နှင့် အဆင့်မြင့်အထူးပြုလုပ်ထားသော အလူမီနီယမ်သတ္တုစပ်အချောင်း ၁၅ ချောင်းတို့ ပါဝင်သည်။ ဩဂုတ်လ ၂၂ ရက်နေ့တွင်တိုကျိုဆိပ်ကမ်း၌ဆိုက်ကပ်ထားသောကုန်တင်သင်္ဘောကိုဝင်ရောက်စီးနင်းအပြီးဂျပန်နိုင်ငံကထိုပစ္စည်းများကို သိမ်းယူလိုက်သည်။

နိုဝင်ဘာလ ၁၈ ရက်တွင် အစိုးရက မြန်မာနိုင်ငံရှိသံသယဖြစ်ဖွယ် ပစ္စည်းများ၊ နေရာများနှင့် လုပ်ဆောင်မှုများကို IAEA မှဝင်ရောက်စစ်ဆေးခွင့်ပြုနိုင်သည့် နိုင်ငံတကာအနုမြူစွမ်းအင်အေဂျင်စီ (IAEA) ၏နောက်ထပ်သဘောတူညီချက်ကို လက်မှတ်ရေးထိုးလိုသည့် သူတို့၏ရည်ရွယ်ချက်ကို ကြေငြာခဲ့သည်။ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် အမျိုးသားပါလီမန်က ထိုကိစ္စကိုအတည်ပြုခဲ့သည်။

### US သမ္မတရန်ကုန်ကိုသွားရောက်

နိုဝင်ဘာလ ၁၉ ရက်နေ့တွင် US သမ္မတဘားရက်အိုဘားမားသည် နိုင်ငံခြားရေးဝန်ကြီးဟီလာရီကလင်တန် နှင့် အခြား US အရာရှိများလိုက်ပါ၍ ရန်ကုန်သို့ ခြောက်နာရီကြာခရီးစဉ်သွားရောက်ခဲ့သည်။ ၎င်းသည်လက်ရှိ US သမ္မတ၏ မြန်မာနိုင်ငံသို့ပထမဆုံးခရီးစဉ်ဖြစ်သည်။ ထိုမကြာမြင့်သောခရီးစဉ်အတွင်းတွင် အိုဘားမားသည် သမ္မတ ဦးသိန်းစိန်နှင့် အခြားအစိုးရအရာရှိများအားတွေ့ဆုံသွားခဲ့သည်။ သူသည် ဒေါ်အောင်ဆန်းစုကြည်ကို သူမ၏အိမ်တွင်တွေ့ဆုံခဲ့ကာ တိုင်းရင်းသား နှင့်လူထုအဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၁၄ ယောက်တို့နှင့်လည်း တွေ့ဆုံခဲ့သည်။

နေ့လည်ပိုင်းတွင် အိုဘားမားသည် ရန်ကုန်တက္ကသိုလ်တွင် အများမျှော်လင့်နေသည့် မိန့်ခွန်းကိုပြောကြားခဲ့ကာ ထိုမိန့်ခွန်းတွင်သူက မြန်မာပြည်၏ဖြစ်ထွန်းတိုးတက်ခြင်း၏ပြီးပျက်မှုများကို အသိအမှတ်ပြုခဲ့သော်လည်း ကြီးမားသောစိန်ခေါ်မှုများရှိနေသေးကြောင်း သတိပေးခဲ့သည်။ အိုဘားမားကဒီမိုကရေစီနည်းလမ်းကျသော ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အားလုံးပါဝင်သောစီးပွားရေးဖွံ့ဖြိုးမှု၊ စစ်ဘက်ဆိုင်ရာကိစ္စများတွင် အရပ်သားများ၏ ထိန်းချုပ်မှုရှိအောင်ပြုလုပ်ခြင်း၊ စာနယ်ဇင်းစီစစ်ရေးများကို ပယ်ဖျက်ရန်ဆက်လက်လုပ်ဆောင်ခြင်း နှင့် ကလေးစစ်သား၊ ယုံကြည်ချက်ကြောင့်အကျဉ်းကျခံနေရသူနှင့် အမျိုးသမီးများအား ခေါင်းပုံဖြတ်မှုများမရှိသည့် အနာဂတ်တို့၏ အရေးကြီးပုံတို့ကိုပြောကြားသွားသည်။ ရခိုင်ပြည်နယ်မှအခြေအနေနှင့်ပတ်သက်၍ အိုဘားမားက မသိနားမလည်သူများအပေါ်အကြမ်းဖက်မှု ကျူးလွန်ခြင်းအတွက်မည်သည့် ဆင်ခြေမျှမရှိကြောင်းနှင့် ရိုဟင်ဂျာသည်လည်း အခြားသူများကဲ့သို့တူညီသော ဂုဏ်သိက္ခာရှိကြောင်းတို့ကို ပြောကြားသွားသည်။

**ဝါရှင်တန် (အမေရိကန်) ကမြန်မာနိုင်ငံမှသွင်းကုန် အပေါ်ပိတ်ပင်ထားခြင်းကို ပယ်ဖျက်**

သမ္မတဘားရက်အိုဘားမား မြန်မာနိုင်ငံသို့မသွားခင် နိုဝင်ဘာလ ၁၆ ရက်နေ့တွင် အမေရိကန်က မြန်မာနိုင်ငံမှ သွင်းကုန်များအပေါ်ပိတ်ပင်ထားခြင်းအပေါ် ရုပ်ဆိုင်းလိုက်သည်။ ကျောက်စိမ်းနှင့်ပတ္တမြားတင်သွင်းမှုမှာ မူပိတ်ပင်ထားဆဲပင် ဖြစ်ပါသည်။ ထိုနေ့တနေ့တည်းတွင်ပင် မြန်မာနိုင်ငံမှကုမ္ပဏီ ၇ ခုကို အမေရိကန်ကုမ္ပဏီများမှစီးပွားရေးပူးပေါင်းမလုပ်ကိုင်ရန် ပိတ်ပင်ထားသည့် အမေရိကန်အထူးသတ်မှတ်ထားသောနိုင်ငံသားများ (SDN) စာရင်းတွင် ထည့်သွင်းလိုက်သည်။

**ဒေါ်စုအိန္ဒိယသို့သွားရောက်**

နိုဝင်ဘာလ ၁၃ ရက်မှ ၁၈ ရက်အထိ ဒေါ်အောင်ဆန်းစုကြည်သည် အိန္ဒိယသို့သွားရောက်ခဲ့ပါသည်။ ထိုခရီးသည် ၁၉၈၇ ခုနှစ်ကတည်းက ထိုနိုင်ငံသို့ သူမ၏ပထမဆုံးခရီးစဉ်ဖြစ်ပါသည်။ ကသုတ်ကရက်တွေ့ဆုံခဲ့ရမှုများ အကြားတွင် [ဒေါ်စု၏အိန္ဒိယခရီးစဉ် အကွက်ထဲကိုကြည့်ပါ] ဒေါ်စုသည်မြန်မာပြည်၏ ဒီမိုကရေစီဖြစ်ထွန်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်သည့် ကိစ္စများကိုပြောကြားခဲ့သည်။

- **နိုဝင်ဘာ ၁၄** - ဒေါ်အောင်ဆန်းစုကြည်နှင့် အိန္ဒိယဝန်ကြီးချုပ်မာမိုဟန်ဆင်းတို့သည် မြန်မာနိုင်ငံ၏အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ဒီမိုကရေစီဖြစ်ထွန်းရေးလုပ်ငန်းစဉ် နှင့် အိန္ဒိယနှင့်မြန်မာနှစ်နိုင်ငံတို့၏ လွှတ်တော်များနှင့်တရားစီရင်ရေးတို့အကြားပူးပေါင်းဆောင်ရွက်ရန်တို့အပါအဝင်ကိစ္စတော်တော်များများကို ဆွေးနွေးခဲ့ကြသည်။
- **နိုဝင်ဘာ ၁၆** - ဒေါ်အောင်ဆန်းစုကြည်က ဒီမိုကရေစီသို့ဦးတည်သည့် မြန်မာနိုင်ငံ၏တိုးတက်မှုသည် ၂၀၀၈ အခြေခံဥပဒေအား အရေးကြီးသည့်ပြင်ဆင်မှုများပေါ်တွင် တည်မှီနေသည်ဟု ပြောကြားခဲ့သည်။ ဒေါ်စုက ထိုအခြေခံဥပဒေကြောင့် နိုင်ငံ၏နိုင်ငံရေးစနစ်တွင် မမျှတသည့်အခြေအနေဖန်တီးမှုများရှိခဲ့ကာ ၂၀၁၅ခုနှစ် ရွေးကောက်ပွဲသည်ပင် လွတ်လပ်၍တရားမျှတရန် မသေချာဟု ပြောကြားလိုက်သည်။

**ဒေါ်စု၏အိန္ဒိယခရီးစဉ်**

**နိုဝင်ဘာ ၁၃ - ဒေလီသို့ရောက်ရှိ**

**နိုဝင်ဘာ ၁၄** - ဒေလီတွင် မဟတ္တမဂန္ဒီနှင့် ဂျာဝါဟာလာနေရူးတို့၏ အထိမ်းအမှတ်နေရာများသို့ သွားရောက်ခဲ့၊ ဂျာဝါဟာလာနေရူးအမှတ်တရဟောပြောမှု ပြုလုပ်ခဲ့၊ ဝန်ကြီးချုပ်မန်မိုဟန်ဆင်း နှင့် နိုင်ငံခြားရေးဝန်ကြီးရန်ဂျန်မာတိုင် တို့နှင့်သီးခြားတွေ့ဆုံခဲ့။

**နိုဝင်ဘာ ၁၅** - ဒေလီတွင်၊ အောက်လွှတ်တော်ဥက္ကဋ္ဌ မိုင်ရာကူးမားနှင့်တွေ့ ဆုံခဲ့၊ ဒုသမ္မတ ဟာမစ်အန်ဆာရီနှင့်တွေ့ခဲ့၊ စွမ်းအင်နှင့်အရင်းအမြစ်အင်စတီကျုဒ် (TERI) ကျောင်းဝင်းအတွင်းရှိ သုတေသနပံ့ပိုးပေးမှုများနှင့် ဂေဟာစံနစ်နှင့်သဟဇာတဖြစ်သော (သို့) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုအားပေးသော စီမံကိန်း သို့သွားရောက်ခဲ့ကာ ပြည်ပရေးရာဝန်ကြီးဆဲလ်မန်ခါရှစ် နှင့်တွေ့ဆုံခဲ့။

**နိုဝင်ဘာ ၁၆** - ဒေလီတွင် Lady Shri Ram ကောလိပ်သို့သွားရောက်ခဲ့ကာ အောက်စ်ဖို့ဒ်အထက်တန်းအကြီးတန်း ကျောင်းတွင် လူဦးရေ ၈၀၀၀ ခန့်ရှိသော မြန်မာအသိုင်းအဝိုင်းဝင်များနှင့် စကားပြောဆိုခဲ့။

**နိုဝင်ဘာ ၁၇** - အန်ဒရာပရာဒစ်ရှ်၊ အနန်တပါခရိုင်ရှိ ကျေးရွာများမှ ကျေးလက်ဖွံ့ဖြိုးရေးနှင့်အမျိုးသမီးစွမ်းအင်မြှင့်တင်ရေးအစီအစဉ်သို့သွားရောက်ခဲ့၊ ကာနတက၊ ဘန်ဂလော တွင် အိန္ဒိယသိပ္ပံအင်စတီကျူ့မှကျောင်းသားများနှင့်စကားပြောခဲ့၊ tech multinational Infosys ရုံးချုပ်သို့သွားရောက်ခဲ့။

## နိုင်ငံခြားရင်းနှီးမြုပ်နှံမှုဥပဒေ အတည်ပြုထုတ်ပြန်

နိုင်ငံခြားရင်းနှီးမြုပ်နှံမှုဥပဒေကို သမ္မတဦးသိန်းစိန်မှစက်တင် ဘာလကုန်ပိုင်းတွင် သူ၏အဆိုပြုထားသည့် ပြင်ဆင်ချက်များနှင့်အတူ အမတ်များထံပြန်ပို့လာပြီးနောက် အမျိုးသားလွှတ်တော်က နိုဝင်ဘာလ ၁ ရက်နေ့တွင်အတည်ပြုလိုက်သည်။ *[၂၀၁၂ ခု စက်တင်ဘာနှင့်အောက်တိုဘာ သတင်းလွှာများတွင်ကြည့်ပါ။]* နိုဝင်ဘာလ ၂ ရက်တွင် ဦးသိန်းစိန်က ၁၉၈၈ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သော နိုင်ငံခြားရင်းနှီးမြုပ်နှံမှုဥပဒေကို ဖျက်သိမ်း သည့်ဥပဒေကို လက်မှတ်ထိုးခဲ့သည်။ အောက်ပါတို့သည် ဥပဒေသစ်မှ အချို့အဓိကကျသည့် အချက်များဖြစ်သည်။

- မြန်မာရင်းနှီးမြုပ်နှံမှုကော်မရှင် (MIC) ကနိုင်ငံခြားမှ စီးပွားရေးလုပ်ငန်းများအတွက် ကနဦးရင်းနှီးမြုပ်နှံမှု အနည်းဆုံးပမာဏကို သတ်မှတ်မည်ဖြစ်သည်။
- နိုင်ငံခြားရင်းနှီးမြုပ်နှံသူများမှ စီးပွားရေးလုပ်ငန်း၏ ၁၀၀% လုံးကိုပိုင်ဆိုင်နိုင်မည် သို့မဟုတ် မြန်မာနိုင်ငံသားတွဲဖက်လုပ်ကိုင်သူနှင့် ရှယ်ယာအချိုးပေါ်တွင် အပြန်အလှန်သဘောတူညီမှု ထားရှိကာ အကျိုးတူပူးပေါင်းဆောင်ရွက်လုပ်ကိုင်နိုင်လိမ့်မည်ဖြစ်သည်။
- နိုင်ငံခြားရင်းနှီးမြုပ်နှံမှုသည် စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ငါးဖမ်းလုပ်ငန်းတို့တွင် ရင်းနှီးမြုပ်နှံခြင်းများအပေါ်အခြေခံထားသည်။ သို့သော် နိုင်ငံခြားရင်းနှီးမြုပ်နှံသူများသည် နောက်ပိုင်းတွင် MIC မှသတ်မှတ်မည့် နိုင်ငံခြားသားများ၏အမြင့်ဆုံးပိုင်ဆိုင်မှု သတ်မှတ်ချက်များနှင့်အညီ မြန်မာနိုင်ငံသားတွဲဖက်လုပ်ကိုင်သူများနှင့် အကျိုးတူပူးပေါင်းလုပ်ဆောင်မည်ဆိုပါက ကန့်သတ်ထားသောနယ်ပယ်များတွင်လည်း လုပ်ကိုင်နိုင်မည်ဖြစ်သည်။ ထို့အပြင်နိုင်ငံတော်အကျိုးစီးပွားနှင့်ဆိုင်သည့်ကိစ္စမျိုးတို့တွင် အာဏာပိုင်များ၏အတည်ပြုချက်ဖြင့် ကန့်သတ်ထားသည့် နယ်ပယ်များတွင်လုပ်ကိုင်ရန် နိုင်ငံခြားရင်းနှီးမြုပ်နှံသူများကို MIC မှခွင့်ပြုနိုင်သည်။
- နိုင်ငံခြားကုမ္ပဏီများသည် လုပ်ငန်းစတင်သည့် ပထမနှစ်အတွက်အခွန်ပေးဆောင်ရန်မလိုဟု သတ်မှတ်ထား သည်။ နိုင်ငံခြားကုန်ထုတ်လုပ်မှုကုမ္ပဏီများသည် နိုင်ငံခြားသို့ပို့ကုန်များမှရရှိသော အမြတ်ငွေပေါ်တွင် ၅၀% အခွန်သက်သာခွင့်ရရှိမည်ဖြစ်သည်။
- နိုင်ငံခြားရင်းနှီးမြုပ်နှံသူများသည် နိုင်ငံတော်မှလည်းကောင်း (သို့) ငှားခွင့်ရှိသောပုဂ္ဂလိကပိုင်ရှင်ထံမှလည်းကောင်း မြေကို အမြင့်ဆုံးနှစ် ၇၀ အထိသက်တမ်းတိုးချဲ့ခွင့်နှင့်အတူ နှစ် ၅၀ အထိ ငှားရမ်းခွင့်နိုင်သည်။
- ကျွမ်းကျင်မှုမလိုအပ်သော လုပ်ငန်းများတွင် မြန်မာနိုင်ငံသားများကိုခန့်ထားရမည်။ အထူးကျွမ်းကျင်မှုလိုအပ်သောနယ်ပယ်များတွင်လည်း အစပိုင်း ၂ နှစ်တွင်လုပ်သားဦးရေ၏ အနည်းဆုံး ၂၅% ကိုမြန်မာနိုင်ငံသားများကိုခန့်ထားရမည်။ ထိုရာခိုင်နှုန်းသည် နောက်ထပ် ၂ နှစ်တွင် ၅၀ % သို့တိုးသွားမည်ဖြစ်ကာ နောက်ပိုင်းတွင် ၇၅ % ဖြစ်ရမည်ဖြစ်သည်။
- နိုင်ငံခြားရင်းနှီးမြုပ်နှံမှုဥပဒေအရ တည်ထောင်ထားသော ကုမ္ပဏီလုပ်ငန်းများကို ပြည်သူပိုင်မသိမ်းစေရ။

## ကမ္ဘာ့ဘဏ်နှင့်နိုင်ငံတကာငွေကြေးရံပုံငွေအဖွဲ့တို့မှ မြန်မာနိုင်ငံအားကူညီရန်အတည်ပြု

နိုဝင်ဘာတွင်အပြည်ပြည်ဆိုင်ရာငွေကြေးအဖွဲ့အစည်းများမှမြန်မာနိုင်ငံအတွက်ငွေကြေးနည်းပညာအထောက်အကူများတိုးမြှင့်လုပ်ဆောင်ခဲ့ကြသည်။

နိုဝင်ဘာလ ၁ ရက်နေ့တွင် ကမ္ဘာ့ဘဏ်မှ အစိုးရအား မူဝါဒဆိုင်ရာ အကြံပြုချက်နှင့် နည်းပညာအကူအညီပေးနိုင်ရန်အတွက် ၁၈ လ လုပ်ငန်းအစီအစဉ်အောက်တွင် မြန်မာနိုင်ငံအတွက်ချေးငွေ အမေရိကန်ဒေါ်လာ ၁၆၅ သန်း ကြိုတင်လျာထားခဲ့သည်။ ကမ္ဘာ့ဘဏ်က မြန်မာနိုင်ငံအနှံ့ရှိ မြို့နယ် ၁၅ ခုတို့ရှိ ကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်းများအတွက်လည်း ကူညီထောက်ပံ့ငွေ အမေရိကန်ဒေါ်လာသန်း ၈၀ ပေးရန် အတည်ပြုပြီးဖြစ်သည်။*[၂၀၁၂ ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလ မြန်မာသတင်းလွှာများတွင်* ကြည့်ပါ။]

နိုဝင်ဘာလ ၅ ရက်မှ ၂၂ ရက်အထိတွင် အပြည်ပြည်ဆိုင်ရာငွေကြေးရံပုံငွေအဖွဲ့ (IMF) မှ အစိုးရအရာရှိများ၊ အမတ်များ၊ ပုဂ္ဂလိကနယ်ပယ်မှ ကိုယ်စားလှယ်များ၊ အလှူရှင်များတို့နှင့် အလုံးစုံလွှမ်းခြုံစီးပွားရေး (Macroeconomic) မူဝါဒများနှင့် ပတ်သက်၍ ဆွေးနွေးပွဲများပြုလုပ်ရန်အတွက် မြန်မာနိုင်ငံသို့ အဖွဲ့တစုသွားရောက်ခဲ့သည်။ နိုဝင်ဘာလ ၂၁ ရက်နေ့တွင် IMF ကကြေငြာချက်တစောင်ထုတ်ပြန်ကာ ထိုကြေငြာချက်တွင် အစိုးရက လွန်စွာအလုပ်များနေသေးသည်ဆိုသည့်အချက်နှင့် မြန်မာစီးပွားရေးဖွံ့ဖြိုးမှုသည် များစွာသောပျက်ယွင်းခြင်းများဖြင့် နှောင့်နှေးနေရသည်ဆိုသည်တို့ကို အသိအမှတ်ပြုကြောင်းဖော်ပြထားသည်။ IMF က ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် မြန်မာနိုင်ငံ၏ GDP သည် ၆.၂၅ ရာခိုင်နှုန်းခန့်တက်လာမည်ဟု မျှော်လင့်ထားကာ ငွေဖောင်းပွမှုမှာမူ ၆% လောက်ပတ်ဝန်းကျင်တွင် အသင့်အတင့်ရှိနေဦးမည်ဟုမျှော်မှန်းထားသည်။

**ထားဝယ်အထူးစီးပွားရေးဇုံ(SEZ) အစီအစဉ်ရေးဆွဲမှု အရှိန်ရလာ**

နိုဝင်ဘာလတွင် အစိုးရသည်တနင်္သာရီတိုင်းရှိ ထားဝယ်အထူးစီးပွားရေးဇုံ (SEZ) ဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုလျင်မြန်စွာ ဆောင်ရွက်နိုင်ရန် အဓိကထားသည့် အစည်းအဝေးများကို ပြုလုပ်ခဲ့ကြသည်။

- **နိုဝင်ဘာ ၇** - ဒုတိယသမ္မတဦးဉာဏ်ထွန်းသည် ထိုင်းဝန်ကြီးချုပ်ယင်လပ်ရှင်နာဝပ်၊ ထိုင်းဒုဝန်ကြီးချုပ်ခတ်တီရက်နာရနောင်း တို့နှင့် ထားဝယ် (SEZ) ကိစ္စအတွက်ပြုလုပ်သော ထိုင်း-မြန်မာ အဆင့်မြင့်ပူးတွဲကော်မတီ (JHC) အစည်းအဝေးတွင် တွေ့ဆုံခဲ့သည်။ သူတို့သည် ဖွံ့ဖြိုးရေးစီမံကိန်းများပိုမိုလျင်မြန်စွာလုပ်ဆောင်နိုင်ရန်အတွက် ဆပ်ကော်မတီ ၆ ခုဖွဲ့စည်းရန် သဘောတူခဲ့ပြီး ၂၀၁၃ ခု ဧပြီလတွင် ကားလမ်းများ၊ ရထားလမ်းကွန်ယက်တခုနှင့် ရေနက်ဆိပ်ကမ်းတို့အပါအဝင်အခြေခံအဆောက်အအုံဆောက်လုပ်ရေးများအားစတင်ရန်လည်းသတ်မှတ်ခဲ့ကြသည်။
- **နိုဝင်ဘာ ၁၉** - ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့ အာဆီယံထိပ်သီးအည်းအဝေး၏ ပြင်ပတွင် ထားဝယ်အထူးစီးပွားရေးဇုံနှင့်ပတ်သက်၍ သမ္မတဦးသိန်းစိန်နှင့် ထိုင်းဝန်ကြီးချုပ် ယင်လပ်ရှင်နာဝပ်တို့သည် ပူးတွဲကြေငြာချက်သုံးစောင်ကို သဘောတူခဲ့ကြသည်။ ၎င်းသဘောတူညီချက်တွင် လမ်းများဖွံ့ဖြိုးရေး၊ ရေနက်ဆိပ်ကမ်း၊ စက်မှုနယ်မြေ၊ ဓါတ်အားပေးစက်ရုံ၊ ဆက်သွယ်ရေး နှင့် မြန်နှုန်းမြင့်ရထားကိစ္စတို့ကို ဦးစားပေးထား သည်။

## နိုဝင်ဘာလအတွင်း အခြားမြန်မာနိုင်ငံဆိုင်ရာသတင်းများ

| | |
|---|---|
| ၃ | ဥရောပကော်မရှင်ဥက္ကဌဟိုဆေးမန်နွေးရယ်ဘာရိုဆိုက ရခိုင်ပြည်နယ်မှ အရေးပေါ်လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များအား ပြည့်မှီစေရန်အတွက် EU မှ အကူအညီအဖြစ် ယူရိုငွေ ၅.၂ သန်းထောက်ပံ့ရန် အဆင်သင့် ရှိနေသည်ဟုပြောကြားလိုက်သည်။ |
| ၃ | VISA ကုမ္ပဏီသည် ကမ္ဘောဇဘဏ်၊ မြန်မာအရှေ့တိုင်းဘဏ် နှင့် သမဝါယမဘဏ်တို့ဖြင့် ၎င်း၏အကြွေးဝယ်ကဒ်စနစ်ကို တရားဝင်သုံးစွဲနိုင်ရန်အတွက် လိုင်စင်သဘောတူညီချက်ကို လက်မှတ်ထိုးလိုက်သည်။ |
| ၃ | သမ္မတရုံးဝန်ကြီးဦးအောင်မင်းက အစိုးရသည်တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များနှင့်ဒီဇင်ဘာလတွင် နိုင်ငံရေးဆွေးနွေးမှုစတင်မည်ဟု ပြောကြားလိုက်သည်။ |
| ၃ | လူမျိုး၊ ဂိုဏ်းဂဏအခြေခံအကြမ်းဖက်မှုများကြောင့် ထိခိုက်ပျက်ဆီးခဲ့ရသူများ၏ အခြေအနေကိုဆန်းစစ်နိုင်ရန် ရခိုင်ပြည်နယ် ပေါက်တော၊ မင်းပြား၊ မြောက်ဦး နှင့် ကျော်တော် မြို့နယ်များသို့ အမေရိကန်၊ ဩစတေးလျ နှင့် UK သံအမတ်ကြီးများ သွားရောက်ခဲ့ကြသည်။ |
| ၃ | စွမ်းအင်၊ ရေအားလျှပ်စစ်၊ ရေနံ၊ သဘာဝဓါတ်ငွေ့ နှင့် ဆက်သွယ်ရေးကဏ္ဍများတွင် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုနှင့်ပတ်သက်၍ဆွေးနွေးရန် နော်ဝေးဝန်ကြီးချုပ်ယန်းစတိုတန်ဘတ်အား သမ္မတဦးသိန်းစိန်က နေပြည်တော်တွင်လက်ခံတွေ့ဆုံခဲ့သည်။ |
| ၄ | ဒေါ်အောင်ဆန်းစုကြည်က ဗုဒ္ဓဘာသာရခိုင်များဘက်ကိုဖြစ်စေ၊ ရိုဟင်ဂျာများဘက်ကိုဖြစ်စေ သူမ၏ "အမှားအမှန်ခွဲခြား၍သီလစောင့်စည်းသောခေါင်းဆောင်မှု" ကိုအသုံးချ၍ ဘက်လိုက်ပြောဆိုမည်မဟုတ်ဟု ပြောကြားလိုက်သည်။ |
| ၄ | ဒေါ်အောင်ဆန်းစုကြည်သည် နော်ဝေးဝန်ကြီးချုပ်ယန်းစတိုတန်ဘတ် နှင့်နေပြည်တော်တွင်တွေ့ဆုံခဲ့ပါသည်။ |
| ၄ | ရန်ကုန် မြေနီကုန်းမြို့နယ်တွင် နော်ဝေးနှင့်ဒိန်းမတ်ပူးတွဲသံရုံးကို တရားဝင်ဖွင့်လှစ်ခဲ့သည်။ |

| | |
|---|---|
| ၅ | ရခိုင်ပြည်နယ်မှ လူမျိုးဂိုဏ်းဂဏအခြေခံအကြမ်းဖက်မှုများ နောက်ထပ်မဖြစ်ပေါ်လာစေရန်အတွက် ကာကွယ်နိုင်မည့် နည်းလမ်းများကိုဆွေးနွေးရန် ဒေါ်အောင်ဆန်းစုကြည်သည် AMRDP၊ SNDP၊ WNUP နှင့် INDP တို့မှ တိုင်းရင်းသားအမတ်များနှင့် နေပြည်တော်တွင်တွေ့ဆုံခဲ့သည်။ |
| ၅ | အဝေးရောက်မြန်မာအဖွဲ့များ၊ ရွှေ့ပြောင်းအလုပ်သမားများနှင့် တွေ့ဆုံဆွေးနွေးနိုင်ရန်အတွက် ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့ မှ ကျောင်းသားခေါင်းဆောင် ၇ ယောက်သည် ဘန်ကောက်သို့ရောက်ရှိလာခဲ့သည်။ |
| ၅ | ရန်ကုန်တိုင်း ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ "ရွှေနေ့" အထည်ချုပ်စက်ရုံမှ အလုပ်သမားများသည် ရရှိရန်ကျန်နေသေးသောလစာများအတွက် ဆန္ဒပြခဲ့ကြသည်။ |
| ၅ | ကရင်ရွာသားများနှင့် လူထုကိုယ်စားလှယ်များမှ ကြေငြာချက်တစောင်ထုတ်ပြန်လိုက်ကာ ထိုကြေငြာချက်တွင် အခြေခံအဆောက်အအုံစီမံကိန်းများကို သင့်တော်သည့်လုံခြုံရေးအစီအမံများမပါပဲ ရှေ့ဆက်အတင်းတွန်းလုပ်နိုင်ရန်အတွက် အစိုးရမှငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အသုံးချနေသည်ဟုပါရှိသည်။ |
| ၅ | လာအိုနိုင်ငံ ဗီယန်ကျင်းမြို့ တွင်ပြုလုပ်သော အာရှဥရောပအစည်းအဝေးတွင် မြန်မာနိုင်ငံမှ စွမ်းအင် နှင့်<br>သတ္တုတူးဖော်ရေး ကဏ္ဍများ၌ရင်းနှီးမြှပ်နှံရန်ကိစ္စကို သမ္မတဦးသိန်းစိန်နှင့် ဩစတေးလျဝန်ကြီးချုပ်ဂျူလီယာ<br>ဂေးလတ်ဒ် တို့ဆွေးနွေးခဲ့ကြသည်။ |
| ၅ | လာအိုနိုင်ငံ ဗီယန်ကျင်းမြို့တွင်ပြုလုပ်သော အာရှဥရောပအစည်းအဝေးပြင်ပတွင်ပြုလုပ်သော သမ္မတဦးသိန်းစိန်နှင့် အစည်းအဝေးအပြီးတွင် ဩစတေးလျဝန်ကြီးချုပ်ဂျူလီယာဂေးလတ်ဒ်က မြန်မာနိုင်ငံမှတိုင်းရင်းသားအခွင့်အရေးကိစ္စများနှင့်ပတ်သက်၍ "ဖြစ်ပေါ်လာရန်နောက်ထပ်လိုအပ်ချက်များရှိနေပါသေးသည်" ဟု ပြောကြားလိုက်သည်။ |
| ၆ | အစိုးရရွေးကောက်ပွဲကော်မရှင်က "မြန်မာ့လယ်သမားများဖွံ့ဖြိုးရေးပါတီ" ကိုမှတ်ပုံတင်ခွင့်ပြုလိုက်သည်။ |
| ၆ | ရန်ကုန်တွင်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတခု၌ မြန်မာနိုင်ငံသို့ပေးအပ်သော ကမ္ဘာ့ဘဏ်၏ငွေကြေးအထောက်အပံ့များနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာမှုမရှိပါဟုဖော်ပြထားသောကြေငြာချက်တစောင်ကို လူထုအဖွဲ့အစည်းများက ထုတ်ပြန်ခဲ့သည်။ |
| ၆ | ပြည်သူ့လွှတ်တော်အစည်းအဝေးမှမေးခွန်းများဖြေကြားသည့်ကဏ္ဍတွင်အစိုးရပြန်ကြားရေးဝန်ကြီးဦးအောင်ကြည်ကပုဂ္ဂလိကပိုင်နေ့စဉ်သတင်းစာများ ထုတ်ဝေရေးနှင့်ပတ်သက်၍ အချိန်ကာလသတ်မှတ်ပေးရန် အစိုးရတွင် အခွင့်အာဏာမရှိပါဟုဖြေကြားခဲ့သည်။ |
| ၇ | ဒေါ်အောင်ဆန်းစုကြည်နှင့်တိုင်းရင်းသားနိုင်ငံရေးပါတီများမှအမတ်များသည်ပူးတွဲကြေငြာချက် တစောင်ထုတ်ပြန်ခဲ့ကာ ထိုကြေငြာချက်ကအစိုးရအာဏာပိုင်များအား ရခိုင်ပြည်နယ်တွင်ဖြစ်ပွားနေဆဲဖြစ်သော လူမျိုး၊ ဂိုဏ်းဂဏအခြေခံအကြမ်းဖက်မှုများနှင့် နိုင်ငံသားပြုမှုကိစ္စအား မည်သို့ကိုင်တွယ်ရန်ရည်ရွယ်ထားသည်ဆိုသည်ကို ပြည်သူလူထုအားရှင်းလင်းစွာ ရှင်းပြပေးပါရန်တောင်းဆိုထားသည်။ |
| ၇ | ထားဝယ်အထူးစီးပွားရေးဇုံ ထောက်ပံ့ရေးအဖွဲ့ ဥက္ကဋ္ဌဦးတင်မောင်ဆွေက ထိုစီမံကိန်း၏အကျိုးဆက်အနေဖြင့် ၂၀၁၃ ခုနှစ် ဇွန်လမတိုင်ခင်တွင် ရေဖြူနှင့်လောင်းလုံမြို့နယ်များမှ ရွာသား ၃ သောင်းကျော်ကို နေရာရွှေ့ပြောင်းပေးရမည်ဟု ပြောကြားလိုက်သည်။ |
| ၉ | ၈၈ မျိုးဆက်ကျောင်းသား ၁၆ ယောက်တို့သည်မွန်ပြည်နယ်သို့ လှည့်လည်သွားရောက်ခဲ့ကြသည်။ |
| ၉ | ရှမ်းပြည်မြောက်ပိုင်း နမ့်ခမ်းအနီး ထပ်ချက်တောင်ကုန်းမှ တအောင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်၏ စခန်းကို အစိုးရစစ်တပ်များက တိုက်ခိုက်သိမ်းယူခဲ့သည်။ |
| ၁၁ | သမ္မတရုံးဝန်ကြီးဦးအောင်မင်း ဦးဆောင်သောအစိုးရအဖွဲ့သည် ထိုင်းနိုင်ငံချင်းမိုင်တွင် KNPP၊ ABSDF၊ UNFC နှင့် DPNS တို့အပါအဝင်တိုင်းရင်းသားနှင့်အဝေးရောက် အဖွဲ့များမှကိုယ်စားလှယ်များနှင့်တွေ့ဆုံခဲ့သည်။ |
| ၁၁ | ဗဟိုတရားရုံးချုပ်က လူ့အခွင့်အရေးရှေ့နေဦးအောင်သိန်းအား ရှေ့နေပြန်လိုက်နိုင်ရန်အတွက် သူ၏လိုင်စင်ကိုပြန်လည်ချထားပေးလိုက်ကြောင်း အကြောင်းကြားခဲ့သည်။ |
| ၁၂ | ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့်တရားဥပဒေစိုးမိုးမှုတို့ကို မြင့်တင်ပေးနိုင်ရန်အတွက် ဆွီဒင်နိုင်ငံ၏အကူအညီများအပါအဝင် ကိစ္စများအားဆွေးနွေးရန်အတွက် သမ္မတဦးသိန်းစိန်က ဆွီဒင်ဝန်ကြီးချုပ်ဖရက်ဒရစ်ရိန်းဖယ့်လ်ဒ် |

| | |
|---|---|
| | နှင့်နေပြည်တော်တွင်တွေ့ဆုံခဲ့သည်။ |
| ၁၃ | နိုင်ငံအနှံ့လုပ်ကိုင်နေကြသော စာနယ်ဇင်းသမားများလိုက်နာရမည့်ကျင့်ဝတ် ၁၅ ချက်ကိုရေးဆွဲပြီးဖြစ်ကြောင်း ယာယီစာနယ်ဇင်းကောင်စီက ကြေငြာခဲ့သည်။ |
| ၁၃ | ဖေဖော်ဝါရီ တွင် ၂နှစ် တကြိမ်ပြုလုပ်သော တရုတ်နိုင်ငံ၏စစ်ရေးပြအခမ်းအနားသို့ ဒုတိယကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီးစိုးဝင်း ဦးဆောင်သော တပ်မတော်ကိုယ်စားလှယ်အဖွဲ့မှ တက်ရောက်ခဲ့သည်။ |
| ၁၄ | ဥရောပကော်မရှင်က ရခိုင်ပြည်နယ်မှလူမျိုး၊ ဂိုဏ်းဂဏအခြေခံအကြမ်းဖက်မှုတို့၏ ဒါဏ်ကိုခံခဲ့ကြရသူများအား WFP မှတဆင့်အစားအစာများ ထောက်ပံ့ရန် အမေရိကန်ဒေါ်လာ ၁.၃ သန်းကူညီသွားမည်ဟုကြေငြာသွားသည်။ |
| ၁၅ | နမ့်ခမ်းမြို့ နယ် မုန်းဝိတွင် အသက် ၄၈ နှစ်ရှိကချင်လူမျိုးတဦးအား အစိုးရစစ်တပ် ခမရ ၅၆၇ မှစစ်သားတဦးကသေနတ်နှင့်ပစ်သတ်ခဲ့သည်။ |
| ၁၅ | မြန်မာပြည်နှင့်ပတ်သက်သော နိုင်ငံရေး၊ စီးပွားရေးနှင့် စစ်ရေးကိစ္စများနှင့်အတူ သဘာဝဘေးအန္တရာယ်ကိစ္စများနှင့်ပါပတ်သက်သည့် အချက်အလက်နှင့် သတင်းများကိုထုတ်ပြန်နိုင်ရန်အတွက် သမ္မတရုံးဒုဝန်ကြီးဦးအောင်သိန်းဦးဆောင်သည့် အဖွဲ့ဝင် ၆ ဦးပါပြန်ကြားရေးအဖွဲ့ အား အစိုးရမှဖွဲ့စည်းလိုက်သည်။ |
| ၁၆ | သမ္မတဦးသိန်းစိန်က ရခိုင်ပြည်နယ်မှဆူပူမှုများနှင့်ပတ်သက်၍ သတင်းမှားများ၊ အတုအယောင်ပြုလုပ်ထားသောသတင်းများ ဖျန့်လွှင့်ခဲ့သည့် နိုင်ငံခြားအဖွဲ့အစည်းနှင့်နိုင်ငံအချို့ ကိုအပစ်တင်ပြောကြားလိုက်သည်။ |
| ၁၆ | အစိုးရတပ်မတော် ဒုတိယကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဒေသတွင်းလုံခြုံရေး၊ နှစ်ဦးနှစ်ဖက်ဆက်ဆံရေး နှင့် စစ်ရေးအရပူးပေါင်းဆောင်ရွက်ရေးကိစ္စများအပါအဝင် ကိစ္စများကိုဆွေးနွေးရန်အတွက် တရုတ်စစ်တပ်မှ ဒုတိယကာကွယ်ရေးဦးစီးချုပ် ဂွိကျီယန်ဂေါင် နှင့် ပီးကင်းတွင်တွေ့ဆုံခဲ့သည်။ |
| ၁၇ | အစိုးရမှထုတ်ဝေသော New Light of Myanmar သတင်းစာက ရခိုင်ပြည်မှ လူမျိုး၊ ဂိုဏ်းဂဏအခြေခံအကြမ်းဖက်မှုများနှင့် ဆက်စပ်မှုရှိသည့် လူပေါင်း ၁၀၈၁ ယောက်ကို မေလကတည်း အစိုးရမှဖမ်းဆီးထားခဲ့သည်ဟုဖော်ပြခဲ့သည်။ |
| ၁၈ | ကလေးစစ်သားစုဆောင်းခြင်းအားကိုင်တွယ်နိုင်ရန် လုပ်ငန်းပိုင်းအစီအစဉ်များ၊ ဥပဒေပြဌာန်းမှုများအပါအဝင် လူကုန်ကူးမှုဆန့်ကျင်တိုက်ဖျက်ရေး နှင့် မြန်မာနိုင်ငံအား ငွေကြေးနှင့် နည်းပညာအကူအညီများပေးရန် ကတိကဝတ်များအပေါ်တွင် မြန်မာအစိုးရနှင့် အမေရိကန်အစိုးရတို့ ပူးပေါင်းဆောင်ရွက်မှုနှင့်ပတ်သက်သည့် ကြေငြာချက်ကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်လိုက်သည်။ |
| ၁၈ | အစိုးရသည် ICRC အား အကျဉ်းထောင်များအတွင်း ဝင်ရောက်စစ်ဆေးခြင်းကို ပြန်လည်ပြုလုပ်ခွင့်ပြုရန်၊ နိုင်ငံဆိုင်ရာ UNHCR ရုံးဖွင့်ခြင်းကိစ္စဆွေးနွေးရန် နှင့် မြန်မာပြည်တဝှမ်းရှိအကျဉ်းထောင်များထဲမှ အကျဉ်းသားများ၏အခြေအနေကို ပြန်လှန်သုံးသပ်ရန် စနစ်တခုတည်ဆောက်ရန်တို့ကို ဂတိပေးခဲ့သည်။ |
| ၁၈ | မန္တလေးတိုင်း၊ အမရပူရမြို့ နယ်မှအစိုးရအာဏာပိုင်များက ၂၀၁၁ ခုနှစ်က ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိမ်းယူထားသောမြေယာများအား ပြန်လည်ပေးရန်တောင်းဆိုဆန္ဒပြလိုသည့် ရွာသားများ၏ ဆန္ဒပြခွင့်တင်ပြတောင်းခံမှုကိုပယ်ချခဲ့သည်။ |
| ၁၉ | မြန်မာနိုင်ငံတွင် ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် တရားဥပဒေစိုးမိုးမှုတို့ အားကောင်းလာစေရန်အတွက် အမေရိကန်၊မြန်မာ ပဏာမခြေလှမ်းအတွက် ငွေကြေးထောက်ပံ့ရန် အမေရိကန်ဒေါ်လာသန်း ၁၇၀ တန်အကူအညီတစုံတာကို အမေရိကန်မှကြေငြာခဲ့သည်။ |
| ၁၉ | ဒေါ်အောင်ဆန်းစုကြည်က မြန်မာပြည်ဒီမိုကရေစီထွန်းကားရေးလုပ်ငန်းစဉ်မှ ရေရာမှုမရှိသည့် အောင်မြင်မှုတံလျှပ်များ၏အန္တရာယ်ကို သတိပေးပြောကြားလိုက်သည်။ |
| ၁၉ | တိုင်းရင်းသားလူမျိုးများမဟာမိတ်အဖွဲ့ (UNA) က ကြေငြာချက်တစောင်ထုတ်ပြန်လိုက်ပြီး ထိုကြေငြာချက်က မြန်မာပြည်အပေါ်စီးပွားရေးပိတ်ဆို့မှုများရုတ်သိမ်းသည်မှာ စောလွန်းနေပြီး အပစ်ရပ်သဘောတူညီမှုများပြီးလျှင် နိုင်ငံရေးဆွေးနွေးပွဲများဖြစ်လာရမည်ဟု ဖော်ပြထားသည်။ |
| ၁၉ | တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ ဟွာချွန်ရင်းက အမေရိကန်သမ္မတ၏ မြန်မာနိုင်ငံခရီးစဉ်သည် အာရှဒေသ၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်မှု နှင့် ဖွံ့ဖြိုးရေးတို့ကိုအထောက်အပံ့ဖြစ်စေလိမ့်မည်ဟု တရုတ်နိုင်ငံကမျှော်လင့်ကြောင်းပြောကြားလိုက်သည်။ |
| ၂၀ | UNAIDS က ဒေါ်အောင်ဆန်းစုကြည်အား ခွဲခြားဆက်ဆံမှုလုံးဝမရှိစေရန်လုပ်ဆောင်ပေးမည့် ၎င်းအဖွဲ့၏ကမ္ဘာ |

| | |
|---|---|
| | လုံးဆိုင်ရာသံတမန်တဦးအဖြစ် ခန့်အပ်ခဲ့သည်။ |
| ၂၁ | ဇွန်လ ၈ ရက်နေ့ကဖြစ်ပွားခဲ့သော အဓိကရုဏ်းများတွင် ပါဝင်ပတ်သက်မှုရှိသည်ဟုဆိုကာ မူဆလင်ခေါင်းဆောင်နှင့် ယခင် "လူ့အခွင့်အရေးအတွက်အမျိုးသားဒီမိုကရက်တစ်ပါတီ" ၏ ၁၉၉၀ ခုနှစ်ရွေးကောက်ပွဲအတွင်းကရွေးချယ်တင်မြှောက်ခံခဲ့ရသော အမတ်တဦးလည်းဖြစ်သူဦးထွန်းအောင် ခေါ် ကျော်ရယ်ဟော့ ကိုရခိုင်ပြည်နယ် စစ်တွေမြို့တရားရုံးတခုမှ ထောင်ဒါဏ် ၁၂ နှစ်ချမှတ်ခဲ့သည်။ |
| ၂၂ | ဒေါ်အောင်ဆန်းစုကြည်က နယူးဇီလန်ဝန်ကြီးချုပ်ဂျွန်ကေး နှင့်နေပြည်တော်တွင် တွေ့ဆုံခဲ့သည်။ |
| ၂၃ | ဒေါ်အောင်ဆန်းစုကြည်က မြန်မာပြည်၏စီးပွားရေးတိုးတက်မှုသည် ၎င်း၏ရှည်ကြာစွာတည်ရှိနေခဲ့သော တိုင်းရင်းသားပဋိပက္ခများကိုဖြေရှင်းပေးလိမ့်မည်ဟူသည့် အကြံပြုချက်ကိုပယ်ချခဲ့သည်။ |
| ၂၃ | ပြည်သူ့လွှတ်တော်အစည်းအဝေးက တရားရေးစနစ်၏အားနည်းချက်များကို အသေးစိတ်ဖော်ပြထားကာ ပိုမိုတိုးတက်လာစေရန်အတွက် အကြံပြုချက်များပေးထားသော "တရားဥပဒေစိုးမိုးမှု၊ ငြိမ်းချမ်းရေးနှင့်တည်ငြိမ်မှုကော်မတီမှတင်ပြသောအစီရင်ခံစာကို အတည်ပြုပေးခဲ့သည်။ |
| ၂၄ | ရှမ်းပြည်နယ်၊ မိုင်းတ်မြို့နယ်ရှိ လွိုင်ဟွီမော်တွင် အစိုးရစစ်တပ် ခမရ ၅၅၃ နှင့် ၅၅၄ တို့မှစစ်သားများက SSA-S တပ်ဖွဲ့များကို လက်နက်ကြီးမော်တာများနှင့် ပစ်ခတ်သောကြောင့် အရာရှိ ၂ ယောက်ကျဆုံးခဲ့ရသည်။ |
| ၂၆ | ထိုင်းနိုင်ငံအလုပ်သမားဝန်ကြီးဌာနက ရွှေ့ပြောင်းအလုပ်သမားများအတွက် နိုင်ငံသားအတည်ပြုလုပ်ငန်းစဉ်နောက်ဆုံးရက် ဒီဇင်ဘာလ ၁၄ ရက် ကိုထပ်မံတိုးပေးပါရန် အစိုးရအလုပ်သမားရေးဒုဝန်ကြီးဦးမြင့်သိန်း၏ပန်ကြားချက်ကိုပယ်ချခဲ့သည်။ |
| ၂၇ | ADB ကမြန်မာနိုင်ငံ၏ စွမ်းအင်အရင်းအမြစ်များသည် ငွေအရင်းအနှီးမလောက်ငှခြင်း၊ အရည်အသွေးပြည့်ဝသောလူပုဂ္ဂိုလ်များမရှိခြင်း၊ ဥပဒေနှင့်ထိန်းညှိမှုဘောင်များ၏အားနည်းခြင်းနှင့် စွမ်းအင်နှင့်သက်ဆိုင်သောဝန်ကြီးဌာန ၇ ခုအကြားတွင် အစီအစဉ်ရေးဆွဲမှုနှင့် ပူးပေါင်းဆောင်ရွက်မှုအားနည်းခြင်းတို့ကြောင့် အဟန့်အတားဖြစ်နေရသည်ဟု ပြောကြားလိုက်သည်။ |
| ၂၇ | အမေရိကန်အထက်လွှတ်တော်အမတ် ရစ်ချက်လူဂါက သမ္မတဦးသိန်းစိန်ထံစာရေးသား၍ ဩဂုတ်လအတွင်းကမြန်မာနိုင်ငံသို့ ဒုံးကျည်ပြုလုပ်ရန် သို့မဟုတ် ယူရေနီယမ်ရေဒီယိုသတ္တိကြွမှုကို အဆင့်မြှင့်ပေးရန်တို့တွင်အသုံးပြုရန်သင့်တော်သောပစ္စည်းများကိုတင်ပို့ရန် မြောက်ကိုရီးယားမှကြိုးစားခဲ့သည်ဟူသော အစီရင်ခံစာများနှင့်ပတ်သက်၍ ရှင်းလင်းချက်ပေးပါရန် ပန်ကြားခဲ့သည်။ |
| ၂၇ | သမ္မတဦးသိန်းစိန်က နှစ်နိုင်ငံတပ်ဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှုအပါအဝင်ကိစ္စများအား ဆွေးနွေးရန်အိန္ဒိယလေတပ်ဦးစီးချုပ်လေတပ်ဗိုလ်ချုပ်ကြီးနော်မန်အနေးကူးမားဘရွန်းနှင့်နေပြည်တော်တွင်တွေ့ဆုံခဲ့သည်။ |
| ၂၈ | AIPMC ကမြန်မာနိုင်ငံမှ လူ့အခွင့်အရေးအခြေအနေအပေါ် UN မှချမှတ်သော ဆုံးဖြတ်ချက်ကို ကြိုဆိုသောအားဖြင့်ကြေငြာချက်တစောင်ထုတ်ခဲ့သည်။ အထူးသဖြင့် ရခိုင်ပြည်နယ်မှ ရိုဟင်ဂျာများအတွက် စိုးရိမ်ပူပန်မှုကိုဖေါ်ပြထားသည်။ |
| ၂၉ | သမ္မတဦးသိန်းစိန်နှင့် ဗီယက်နမ်သမ္မတထရွန်တန်စန်တို့သည် နေပြည်တော်တွင်တွေ့ဆုံစဉ်အတွင်း ဘဏ်လုပ်ငန်းနှင့်ရေနံစွမ်းအင်ကဏ္ဍတို့တွင်နားလည်မှုစာချွန်လွှာများလက်မှတ်ထိုးခဲ့ကြသလိုနှစ်ဦးနှစ်ဖက်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကိုတိုးမြှင့်ရန်လည်း သဘောတူခဲ့ကြသည်။ |
| ၃၀ | ဒေါ်အောင်ဆန်းစုကြည်က မုံရွာကြေးနီစီမံကိန်းတွင် ငြိမ်းချမ်းစွာဆန္ဒပြနေသူများအပေါ် အစိုးရ၏ အကြမ်းဖက်ဖြိုခွဲခဲ့မှုကိုဝေဖန်ပြောကြားလိုက်သည်။ |
| ၃၀ | မန္တလေးမှ ဘုန်းတော်ကြီးအပါး ၂၀၀ခန့်တို့က မုံရွာကြေးနီမိုင်းတွင် ဆန္ဒပြနေသူများအပေါ် ဖြိုခွဲခဲ့မှုကိုဆန္ဒပြရှုံ့ချလိုက်သည်။ |
| ၃၀ | ရန်ကုန်ဆူးလေဘုရားတွင် ဘုန်းတော်ကြီးအပါး ၃၀ ခန့်တို့သည် မုံရွာကြေးနီမိုင်းမှဆန္ဒပြသူများအပေါ် ဖြိုခွဲခဲ့မှုတွင်တာဝန်ရှိသောရဲများအား အရေးယူပေးပါရန်တောင်းဆိုဆန္ဒပြခဲ့ကြသည်။ |
| ၃၀ | မုံရွာကြေးနီမိုင်းစီမံကိန်းအားဆန့်ကျင်ဆန္ဒပြမှုများအပေါ် အစိုးရ၏ဖြိုခွဲခဲ့မှုများနှင့်ပတ်သက်၍ အမေရိကန်နိုင်ငံခြားရေးဌာနပြောရေးဆိုခွင့်ရှိသူ ဗစ်တိုးရီးယားနျူလန်က မြန်မာနိုင်ငံမှ အစိုးရ၏လုံခြုံရေး တပ်ဖွဲ့များအားသည်းခံထိန်းချုပ်မှုကိုအမြင့်ဆုံးထားရန်၊ တရားနည်းလမ်းကျကျလုပ်ဆောင်မှုကိုလေးစားလိုက်နာရန် နှင့် ပြည်သူများအား နိုင်ငံတကာစံနှုန်းများနှင့်အညီ လွတ်လပ်စွာစုရုံးခွင့်ကို ခွင့်ပြုပေးပါရန် အမေရိကန်အစိုးရမှ တိုက်တွန်းလိုက်သည်ဟု ပြောကြားခဲ့သည်။ |

## နိုဝင်ဘာလအတွင်းထုတ်ပြန်ခဲ့သော မြန်မာနိုင်ငံအကြောင်းအစီရင်ခံစာများ

"မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်မှ အိုးအိမ်စွန့်ခွာထွက်ပြေးရမှုများ၊ အခြေအနေအစီရင်ခံစာ နံပါတ် ၁၁" လူသားချင်းစာနာမှု ဆိုင်ရာကိစ္စများပူးပေါင်းဆောင်ရွက်ရေးအတွက် ကုလသမဂ္ဂရုံး (UNOCHA) http://bit.ly/SgjYT0

"မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်မှ အိုးအိမ်စွန့်ခွာထွက်ပြေးရမှုများ၊ အခြေအနေအစီရင်ခံစာ နံပါတ် ၁၂" လူသားချင်းစာနာမှု ဆိုင်ရာကိစ္စများပူးပေါင်းဆောင်ရွက်ရေးအတွက် ကုလသမဂ္ဂရုံး (UNOCHA) http://bit.ly/Y8KCTT

"ကောင်းမွန်သောလုပ်ဆောင်မှုဖြစ်ခဲ့လား? ကုလသမဂ္ဂ၏ မြန်မာနိုင်ငံကိစ္စတွင် အနှစ် ၂၀ ကြားဝင်ညှိနှိုင်းဆောင် ရွက်ခဲ့မှု" နိုင်ငံတကာငြိမ်းချမ်းရေးအင်စတီကျူ့ http://bit.ly/Y8KFz7

"FY 13 – 14 အချိန်ပိုင်းအတွက် ယာယီနည်းဗျူဟာမှတ်တမ်း" ကမ္ဘာ့ဘဏ် http://bit.ly/SrN5Ej

"မြေမြှုပ်မိုင်းနှင့် ကလပ်စတာဗုံး (အစုအဝေးဖြင့်ပေါက်သောဗုံး) စောင့်ကြည့်ရေးအစီရင်ခံစာ မြန်မာနိုင်ငံ/ဗမာနိုင်ငံ ၂၀၁၂ ခု အပြည်ပြည်ဆိုင်ရာမြေမြှုပ်မိုင်း ပိတ်ပင်ရေးလှုပ်ရှားမှု (ICBL) http://bit.ly/Wpkjb2

"စစ်၏ဝန်ထုပ်ဝန်ပိုးများ" ပလောင်အမျိုးသမီးအဖွဲ့ (PWO) http://tinyurl.com/ce5vduk

"ပိုက်လိုင်း အိပ်မက်ဆိုး" တအောင်းကျောင်းသားနှင့်လူငယ်များအဖွဲ့" (TSYO) http://bit.ly/QptXrA

"နှစ် ၅၀ စစ်အုပ်ချုပ်မှုပြီးဆုံးသွားပြီလား? မြန်မာနိုင်ငံမှ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီနှင့် ဖွံ့ဖြိုးရေးအတွက် အခွင့်အလမ်း" နော်ဝေးငြိမ်းချမ်းရေးတည်ဆောက်မှုအရင်းအမြစ်စင်တာ (NOREF) http://bit.ly/Tx2gtP

"၂၀၁၂ ခု အောက်တိုဘာလအတွက် မြန်မာနိုင်ငံ၏နိုင်ငံရေးအကျဉ်းသားများ၏ လစဉ်ဖြစ်စဉ်မှတ်တမ်း" နိုင်ငံရေးအ ကျဉ်းသားများကူညီစောင့်ရှောက်ရေးအဖွဲ့ (AAPP) http://bit.ly/SOzFl6

"မြန်မာနိုင်ငံ၊ စစ်ကိုင်း/မန္တလေး မြေငလျင် အခြေအနေအစီရင်ခံစာ နံပါတ် ၁" လူသားချင်းစာနာမှု ဆိုင်ရာကိစ္စများ ပူးပေါင်းဆောင်ရွက်ရေးအတွက် ကုလသမဂ္ဂရုံး (UNOCHA) http://bit.ly/ZrvQEI

"မြန်မာနိုင်ငံ၊ စစ်ကိုင်း/မန္တလေး မြေငလျင် အခြေအနေအစီရင်ခံစာ နံပါတ် ၂" လူသားချင်းစာနာမှု ဆိုင်ရာကိစ္စများ ပူးပေါင်းဆောင်ရွက်ရေးအတွက် ကုလသမဂ္ဂရုံး (UNOCHA) http://bit.ly/Tx57mL

"မြန်မာနိုင်ငံ၊ စစ်ကိုင်း/မန္တလေး မြေငလျင် အခြေအနေအစီရင်ခံစာ နံပါတ် ၃" လူသားချင်းစာနာမှု ဆိုင်ရာကိစ္စများ ပူးပေါင်းဆောင်ရွက်ရေးအတွက် ကုလသမဂ္ဂရုံး (UNOCHA) http://bit.ly/10bSh15

"မြန်မာနိုင်ငံ၊ မိုးကုပ်စက်ဝိုင်းမှမုန်းတိုင်းတိမ်တိုက်များ" နိုင်ငံတကာပဋိပက္ခဖြေရှင်းရေးအဖွဲ့ (ICG) http://bit.ly/ShfTf2

"မြန်မာနိုင်ငံ၊ ငလျင် အချက်အလက်သတင်းလွှာ နံပါတ် ၁" အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအဖွဲ့ချုပ် (IFRC) http://bit.ly/SIzxkD

"ငြိမ်းချမ်းရေးသို့ခြေလှမ်းများ၊ ကရင်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဒေသခံများ၏ပါဝင်မှု" ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) http://bit.ly/Q9znXN

“ရွှေ့ပြောင်းမှုဆိုင်ရာအချက်အလက်မှတ်တမ်း၊ အောက်တိုဘာ ၂၀၁၂ ခု” ရွှေ့ပြောင်းမှုအတွက်နိုင်ငံတကာအဖွဲ့ (IOM) http://bit.ly/PSSW5i

“လက်ရှိမီဒီယာအား ဗျူဟာကျကျကြားဝင်လုပ်ကိုင်ခြင်းအတွက် အကြံပြုချက်များနှင့် မြန်မာနိုင်ငံမှ နိုင်ငံရေးအခင်းအကျင်း” အရှေ့တောင်အာရှစာနယ်ဇင်းမဟာမိတ်အဖွဲ့ (SEAPA) http://bit.ly/SY7A8w

“မြန်မာနိုင်ငံတွင် သင့်တော်သောလုပ်ဆောင်မှု၊ ILO ပရိုဂရမ်အခြေခံဘောင် - ၂၀၁၂ ခု နိုဝင်ဘာ - ၂၀၁၄ ခု ဧပြီ” နိုင်ငံတကာအလုပ်သမားအဖွဲ့ (ILO) http://bit.ly/Sglwwf

“၂၀၁၂ ခုနှစ် သပိတ်ကျင်းမြေငလျင်၊ အခြေအနေအစီရင်ခံစာ ၁” SEEDS အာရှ http://bit.ly/Sb1yCH

“ရခိုင်ပြည်နယ်အတွက် တုံ့ပြန်လုပ်ဆောင်ပေးမှုအစီအစဉ် ၂၀၁၂ ခု ဇူလိုင် - ၂၀၁၃ ခု ဇွန်” လူသားချင်းစာနာမှုဆိုင်ရာကိစ္စများပူးပေါင်းဆောင်ရွက်ရေးအတွက် ကမ္ဘာ့ကုလသမဂ္ဂရုံး (UNOCHA) http://bit.ly/Sa9ztb

“မြန်မာနိုင်ငံ - စွမ်းအင်ကဏ္ဍအားကနဦးစမ်းစစ်မှု” အာရှဖွံ့ဖြိုးရေးဘဏ် (ADB) http://bit.ly/SqcAnQ

“ဖျက်ဆီးခြင်းအာသီသ၊ တရားမဝင်သစ်လုပ်ငန်းမှ တရုတ်၏ကုန်သွယ်မှု” သဘာဝပတ်ဝန်းကျင်စုံစမ်းစစ်ဆေးရေးအေဂျင်စီ (EIA) http://bit.ly/V7AEuz